www.burmeseclassic.com

သောင်းထိုက်

သမိုင်းတွင်ရစ်အောင် အချစ်ကြီးချစ်ခဲ့သူများ

BURMESE CLASSIC

Than Myint Aung

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်	၆၄၈/၂၀၀၁ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	၂၁၇/၂၀၀၂ (၃)
အတွင်းပုံနှိပ်သူ	နွေမိုးသောင်း ဒေါ်ခင်နွဲ့ အမှတ် ၈၇၊ အောက်ကြည့်မြင်တိုင် ဈေးကြီးရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်။
မျက်နှာဖုံးပုံနှိပ်သူ	ဦးတိုးဝင်း ဖဲနှလရောင်အော့ဖ်ဆက် (၉၆/ခ) ၃၁-လမ်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ	ဦးသန်းမြင့်၊ လင်းလင်းစာပေ အမှတ် (၄/၂၉)၊ မြဝတီမင်းကြီးလ သမိုင်းကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။
အဖုံးပန်းချီ	သန်းမြင့်အောင်
အတွင်းဗလင်	ငြိမ်းအေး
စာအုပ်ချုပ်	ပပစိုးနှင့်အဖွဲ့
အကြိမ်	ပထမအကြိမ်
ထုတ်ဝေသည့်လ	၂၀၀၂-ခုနှစ်၊ ဇွန်လ
အုပ်ရေ	၁၀၀၀
တန်ဖိုး	၃၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းတွင်ရစ်အောင်

အချစ်ကြီးချစ်ခဲ့သူများ

BURMESE CLASSIC

သောင်းထိုက်

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြန်သူ၏အမှာ

Historic Lovers မှာ အင်္ဂလိပ်ဘာသာဖြင့် လန်ဒန်တွင် ထုတ်ဝေခဲ့ပြီး ကျွန်တော့်ထံတွင်ရှိသော စာအုပ်မှာ ဟောင်းနွမ်းနေ၍ ထုတ်ဝေသည့်ခုနှစ်ပင် မပါရှိတော့ပါ။ စာရေးသူ ဖတ်ရှုပြီးသည်မှာ (ဖတ်ရှုပြီးသည့်စာအုပ်များကို လက်မှတ်ရေးထိုး၊ နေ့စွဲကို ရေးသားထားလေ့ရှိသည့်အတိုင်း) ၆–၁–၁၉၇၈ ခုနှစ်တွင် ကျွန်တော် ယင်းစာအုပ် ဖတ်ရှုပြီးခဲ့ပါသည်။ အလွန်ကြိုက်နှစ်သက်သည့်စာအုပ်ဖြစ်သော်လည်း မြန်မာစာဖတ်ပရိသတ်အတွက် ပြန်ဆိုခြင်းဖြစ်၍ မြန်မာကြိုက်နှင့် ဈေးကွက်ကိုလည်း ထည့်တွက်ရပါသည်။ စာအုပ်ထူထဲလွန်းလျှင် စာအုပ်ဈေးကြီး၍ ရောင်းရထိုင်းသွားနိုင်သဖြင့် မူလစာအုပ်တွင် ပါသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပရိသတ် စိမ်းနေသည့်အခန်းများကို မြန်မာပြန် ရာ၌ ချန်လှပ်ထားခဲ့ပါသည်။ ပုံစံအားဖြင့် (George Sand, Madame de Mainteon) တို့ကို မြန်မာပရိသတ် ထဲမှ သိသူပင် အလွန်နည်းလှ စာဖတ်သူအများစုမှာ ယင်းအမည်များကို ကြားဖူးခြင်းပင်မရှိသည်မှာ အလွန် သေချာပါသည်။ ထို့ကြောင့် ထိုကဲ့သို့ မြန်မာစာဖတ် ပရိသတ်နှင့် အကျွမ်းမဝင်သူများကို ချန်လှပ်၍ မြန်မာ တို့သိရှိပြီး နာမည်အကြီးဆုံးပုဂ္ဂိုလ်များအကြောင်းကိုသာ မြန်မာပြန်ဆို တင်ဆက်လိုက်ရခြင်းဖြစ်ပါကြောင်း လေး စားစွာ တင်ပြအပ်ပါသည်။

သောင်းထိုက်

(၁၇-၅-၂၀၀၀)၊ ကဆုန်လပြည့် (ဗုဒ္ဓဟူး)နေ့

www.burmeseclassic.com

www.burmeseclassic.com

ကာလီယိုပါးထရား

အင်ပိုင်ယာတစ်ခု တည်ဆောက်လိုသူ

သမိုင်းစာမျက်နှာများမှာ နာမည်ကြီး ပုဂ္ဂိုလ်များ၊ နာမည်ပျက်လွန်းသူများ၊ အတ္တုပ္ပတ္တိများဖြင့် ပြွန်းလျက်ရှိ၏။

ယင်းပုဂ္ဂိုလ်များအနက် ကာလီယိုပါးထရားမှာ နာမည်ကြီးလှ၍ သူ့အမည်ကို မသိသူ မြန်မာစာဖတ်သူ အတော်ရှားပါလိမ့်မည်။ သူမ ဦးခေါင်းတွင် နှင်းဆီပန်းခွေများရှိသလို ဆူးခက်များလည်း ရောနှောနေပါသည်။ ထို့ကြောင့်ပင် ကာလီယိုပါးထရားအမည်မှာ ထာဝရရှင်သန်ခြင်း (Immortality) ဖြင့် သမိုင်းတွင် ထင်ရှားခဲ့၏။

သူမမှာ နာမည်ကြီးချစ်သူတစ်ဦးဖြစ်သည့်အ

www.burmeseclassic.com

www.burmeseclassic.com

သေချာ၏။ သို့သော် သူမသည် နှလုံးသားအပြင် ဉာဏ်ပညာဖြင့် ရွေးချယ်ချစ်တတ်သူလည်း ဖြစ်၏။ မြွေဆိုးအကိုက်ခံရပြီး သေဆုံးခဲ့ရသော်လည်း မြွေဆိုး သူမကိုကိုက်ခဲ့သောအခါ သူမ၏နှလုံးသားမှာ တည်ငြိမ်အေးချမ်းနေပါသည်ဟု သမိုင်းဆရာများက ရေးခဲ့ကြ၏။ ဥပမာ သူမ၏ ချစ်သူတစ်ဦးဖြစ်သူ မက်အင်ထော်နီ (Mark Antony) နှလုံးသားနှင့် နှိုင်းယှဉ်လျှင် ကာလီယိုပါးထရား နှလုံးသားမှာ တည်ငြိမ်အေးချမ်းနေမည်မှာ အလွန်သေချာပါသည်။ သူမသည် မက်အင်ထော်နီရော စီဇာကိုပါ မည်သူ့ကိုမျှ တကယ်မချစ်ခဲ့ဟု အချို့ သမိုင်းဆရာများက ရေးခဲ့ကြသော်လည်း ယင်းကို အမှန်ယူ၍ မရပါ။ သူမပိုင် အင်ပိုင်ယာကို အုပ်ချုပ် မင်းလုပ်ခဲ့သော စီဇာရော၊ မက်အင်ထော်နီကိုပါ ကာလီယိုပါးထရား ချစ်ခဲ့သည်မှာ သေချာသလောက်ရှိပါသည်။ အထူးသဖြင့် အင်ထော်နီကို ကာလီယိုပါးထရား နှစ်နှစ်ကာကာ ချစ်ခဲ့သည်မှာ သေချာသော်လည်း စီဇာကိုမူ သမိုင်းဆရာအများစုက သံသယရှိကြ၏။ စီဇာမှာ ကြီးမြင့်လိုသည့် မဟော်လောဘ (ambition) ကြီးလွန်းသူဖြစ်ပြီး စစ်တိုက်ခိုက် အောင်မြင်လိုခြင်းကလွဲပြီး ဘာကိုမျှ စိတ်ဝင်စားသူမဟုတ်ဟု သမိုင်းဆရာများက ယူဆခဲ့ကြပါသည်။

ကာလီယိုပါးထရားမှာ အီဂျစ်နိုင်ငံဘုရင်မ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းကပင်လျှင် သူမအမည်မှာ သမိုင်းတွင်ကျန်ရစ်မှာ သေချာနေ၏။ ရှေးခေတ်ယဉ်ကျေးမှုထွန်းကားရာ ကောင်းပေ့၊ ယဉ်ပေ့၊ ညွှန့်ပေ့ဆိုသည့်အရာများ ပြည့်နှက်နေသည့် အီဂျစ်နိုင်ငံတော် ဘုရင်မဖြစ်သည်ကိုက သူမအမည် သမိုင်းတွင်ရစ်စေရန် အာမခံချက်ပေးပြီး ဖြစ်နေပါသည်။ အထူးသဖြင့် သူမအပေါ် စွဲလမ်းချစ်စိတ်ဖြင့် မင်္ဂအင်ထော်နီလိုပုဂ္ဂိုလ်ကြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်ခဲ့ခြင်းက သူမအား ပိုမိုထင်ရှား နာမည်ကြီး စေခဲ့လေသည်။ ကမ္ဘာတွင် နာမည်ကြီးပုဂ္ဂိုလ်တစ်ဦးက သူမကို စွဲလမ်းပြီး မိမိကိုယ်ကိုယ် အဆုံးစီရင်ခဲ့ခြင်း လောက် မိန်းမသားတစ်ဦးကို နာမည်ထင်ရှားစေသည့် အချက် အခြားဘာမှမရှိတော့ပါ။ ကမ္ဘာကျော် စာရေး ဆရာ၊ ကဗျာဆရာကြီး ရှိတ်စပီးယားက ကလီယို ပါးထရားအား ဤသို့ စာဖွဲ့ခဲ့ဖူး၏။

နှစ်ပေါင်းများစွာ ကြာမြင့်စေကာမူ သူမ အမည် မှေးမှိန်သွားမည် မဟုတ်ဘဲ ဓလေ့ထုံးစံများ မည်မျှပြောင်းလဲစေကာမူ သူမ အသွင်အမျိုးမျိုးကို ညစ်နွမ်း စေမည်မဟုတ်ပါ။ အခြားမိန်းမများက သူတို့ ချစ်သူများ အလိုဆန္ဒကို ဖြည့်စွမ်းခဲ့ကြသော်လည်း သူမ ကမူ သူမချစ်သူများက သူမအား အလိုရမ္မက် ငန်းငန်း တက်ပြီး သူမအတွက် အမြဲဆာလောင်မွတ်သိပ် နေစေခဲ့ ၏။

www.burmeseclassic.com

www.burmeseclassic.com

'Age cannot wither her nor customs stale Her infinite variety, other women cloy the appetite they feed, but she makes hungry, where she most satisfies.

ခု (၄)စာရေးဆရာကြီး မစ္စတာဘာနဒ်ရှောက မူ ကလီယိုပါထရားအား ဤသို့ မှီချီးမွမ်းချီး ထောပနာ ခဲ့ဖူး၏။

"ကလီယိုပါးထရားဟာ ကောင်းစွာ ပညာ သင်ခဲ့ရဟန်မတူပါဘူး။ သူမအဖေက ပလွေ ဆရာ တစ်ဦး (flute blower) သာဖြစ်ပြီး အောက်စဖို့ဒ် တက္ကသိုလ်ဆရာတစ်ဦးမှ မဟုတ်ဘဲ။ ကလီယိုပါးထရား လည်း သည်ပုတ်ထဲက သည်ပဲပဲ ဖြစ်ရမှာပေါ့။ ဘားနဒ် ရှောက မည်ကဲ့သို့ ရေးခဲ့စေကာမူ သမိုင်းတွင် ကလီယို ပါးထရားက ဘားနဒ်ရှောထက် ပိုကြာရှည်ခံမှာ သေချာ ၏။ အကြောင်းမူကား လူတို့သည် အခြားအရာအားလုံး ထက် အချစ်ပုံပြင်ကို ပိုမိုတန်ဖိုးထားကြသောကြောင့် တည်း။

ကလီယိုပါးထရားဟာ တိုလမီနန်းဆက် (Ptolemaic Dynasty) နောက်ဆုံး ကေရာဇ်ဘုရင်မ ဖြစ် ၏။ ယင်းနန်းဆက်ကို မဟာအယ်လီဇင်ဒါးဘုရင် ကြီး၏ နာမည်ကြီး ဗိုလ်ချုပ်ကြီးတစ်ဦးက စတင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အယ်လီဇင်ဒါးဟာ အီဂျစ်ကို အောင်နိုင်ပြီး သူ့ကိုယ်သူ နတ်ဘုရားတစ်ဆူသဖွယ်

www.burmeseclassic.com

www.burmeseclassic.com

ပြုမူခဲ့၏။ ယင်းမှာလည်း ထိုခေတ်က လုပ်ရိုးလုပ်စဉ် ထုံးစံတစ်ခုတည်း။ အီဂျစ်ပြည်သူများ ကိုယ်တိုင်က သူတို့ချစ်ကြည်ညိုသော ဘုရင်များကို နတ်ဘုရားတစ်ဆူ အဖြစ် ကိုးကွယ်ဆည်းကပ်ခဲ့ကြကုန်၏။

ကလီယိုပါးထရားဟာ အီဂျစ်ပြည်သူတစ်ဦး ပင် မဟုတ်ဘဲ မက်ဆီဒိုးနီးယား၊ ခေါမနွယ်ဘွား (Mecedonian Greek) တစ်ဦးသာ ဖြစ်၏။

သူမဖခင် တိုလမီ ၁၃ (Ptolemy xiii) ကို အော်လက်တီ (Auletes) ဟုလည်းခေါ်ကြ၍ ပုလွေ ဆရာတစ်ဦးဖြစ်ပြီး ကလေးလေးယောက်ဖခင် ဖြစ်၏။ ကလီယိုပါးထရားက အကြီးဆုံးဖြစ်၍ သူမနောက် သားတစ်ဦး (နောင်တွင် တိုလမီ xiv ဖြစ်လာသူ) နောက်ထပ်သားတစ်ဦးနှင့် အငယ်ဆုံး အာဆီနီး (Arsinoe) မှာ သမီးထွေးဖြစ်၏။ ထိုစဉ်က အီဂျစ်တွင် ဖခင်က သားအကြီးဆုံး သို့မဟုတ် သမီးအကြီးဆုံးကို အမွေ (ဥပမာ– ထီးနန်း ဆက်ခံခွင့်)ပေးသည့် ဓလေ့ မရှိချေ။ ဖခင်က သူကြိုက်နှစ်သက်သူကို အမွေဆက်ခံ ခွင့်ပေးနိုင်ပြီး တစ်စုံတစ်ဦး စစ်နိုင်၍ဖြစ်စေ၊ အာဏာ သိမ်း၍ဖြစ်စေ အာဏာရလာပါကလည်း အီဂျစ်ပြည်သူ တို့က သူ့ကို မိမိတို့အရှင်သခင်အဖြစ် ဆည်းကပ် ကိုးကွယ်ကြသည်သာဖြစ်၏။ တိုလမီ ၁၃ က ယင်း အခြေအနေကို ကောင်းကောင်းသိ၍ သူ့နှင့်ဆက်

www.burmeseclassic.com

www.burmeseclassic.com

တည်မြဲစေရန် စတင်လုပ်ဆောင်တော့၏။ ထိုစဉ်က (ခရစ်တော်မပေါ်မီ နှစ် ၆၀ ဝန်းကျင်က) အီဂျစ်နိုင်ငံရေးမှာ မတည်ငြိမ်ဘဲ နီးရာဓားကို ကြောက်နေကြရချိန် ဖြစ်လေသည်။ အီဂျစ်သည် လွတ်လပ်သောနိုင်ငံတစ်ခု ဖြစ်ပြီး ရောမက ခြိမ်းခြောက်မည့်အန္တရာယ်လည်း မကြီးမားသေးချေ။ သို့သော် ရောမသည် အီဂျစ်ဂျုံကိုင်ကို အချိန်မရွေး ထိုးသုတ်နိုင်သော သိမ်းငှက်ကြီး ဖြစ်နေ၏။ သူမဖခင် ကိုယ်တိုင်က သူကွယ်လွန်ခဲ့သော် အီဂျစ်ကို ရောမနိုင်ငံ တော်က သိမ်းပိုက်စေဟု အမိန့်ချမှတ်ခဲ့ဖူး၏။

အော်လက်တီက မိမိ အီဂျစ်ကို စိုးမိုးအုပ်ချုပ်နေစဉ်မှာပင် ရောမက အီဂျစ်ကို ဝင်ရောက်သိမ်းပိုက်နိုင်ကြောင်းသိရှိ၍ အော်လက်တီသည် ရောမသို့ သွားရောက်ကာ ရောမအထက်လွှတ်တော် အမတ်များ (ဆဲနိတ္တာ)အား လာဘ်ထိုးခဲ့၏။ အပြန်အလှန်အားဖြင့် ဆဲနိတ္တာများက အီဂျစ်လွတ်လပ်ရေးကို အသိအမှတ်ပြုကြရမည် ဖြစ်လေသည်။

သို့သော် အော်လက်တီသည် ရာနှုန်းပြည့် အောင်မြင်ခဲ့သည် မဟုတ်ချေ။ ရွှေငွေရတနာ ကျောက်သံပတ္တမြားများနှင့် အော်လက်တီက ရောမ ဆဲနိတ္တာများအား လာဘ်ထိုးခဲ့သော်လည်း အော်လက်တီသည် အမည်ခံဘုရင် (Shadow King)တစ်ပါးမျှသာဖြစ်နေ၏။

www.burmeseclassic.com

ထိုအချိန်မှာပင် အီဂျစ်၌ ရောမတပ်မတော်တစ်ခု စခန်းချနေ၍ ရောမက အမိန့်ပေးလိုက်သည်နှင့် ယင်းတပ်တော်က အချိန်မရွေး အီဂျစ်ကို သိမ်းပိုက်နိုင်မည်ဖြစ်၏။ အော်လက်တိ ၅၁ ဘီစီတွင် ကွယ်လွန်ခဲ့၏။ သူမကွယ်လွန်မီ အီဂျစ်တွင် ပြည်တွင်းစစ် မဖြစ်ပွားစေရန် အော်လက်တီက ဤသို့ စီမံဆောင်ရွက်ခဲ့၏။ သူကွယ်လွန်က တိုလမီနှင့် သူ့မောင်တော်က ထီးနန်းကို တစ်ဝက်စီခွဲဝေယူကြ၍ နောင်တွင် သူတို့ချင်း လက်ဆက်ထိမ်းမြားပြီး ပြည်တွင်းစစ်ကို ကာကွယ်တားဆီးရန် ဖြစ်၏။

ထိုစဉ်က မောင်နှမချင်း လက်ဆက်ထိမ်းမြားခြင်းမှာ ဓလေ့တစ်ခုဖြစ်နေ၍ အထူးသဖြင့် နိုင်ငံရေးအကြောင်းများကြောင့် မိမိတို့ပိုင်နက်ကို မခွဲခြမ်းတော့ဘဲ လက်ထပ်ထိမ်းမြား၍ မိမိတို့ပိုင်နက်ကို ဆက်လက်အုပ်ချုပ်သွားနိုင်ကြပေသည်။ တိုလမီက ကလီယိုပါးထရားထက် အသက်များစွာ ငယ်သော်လည်း ဖခင်ကြီးဆန္ဒအတိုင်း သူတို့မောင်နှမ လက်ထပ်ထိမ်းမြားခဲ့ကြလေသည်။ သူတို့ လင်မယားအရာ မမြောက်ဟုအချို့သမိုင်းဆရာများက ရေးသားခဲ့ကြ၏။ မောင်နှမချင်း လက်ဆက်ခဲ့ကြသော်လည်း ပြည်တွင်းစစ်ကို တားဆီးနိုင်ခြင်း မရှိချေ။ ပြည်တွင်းစစ်ဖြစ်လာပြီး တိုလမီကအထက်စီးရကာ ကလီယိုပါးထရား ဆီရီးယားသို့

www.burmeseclassic.com

www.burmeseclassic.com

ထွက်ပြေးတိမ်းရှောင်ခဲ့ရ၏။

အီဂျစ်ကို တိုလမီတစ်ဦးတည်း အုပ်ချုပ်ခဲ့၍ အီဂျစ်မှာ ထိုစဉ်က မြေထဲပင်လယ်တစ်ဝန်းလုံးတွင် အရေးအကြီးဆုံး အကြွယ်ဝဆုံးနိုင်ငံ ဖြစ်ခဲ့လေသည်။ တိုလမီမှာ ရင့်ကျက်မှုမရှိဘဲ သူ့အား မြှောက်ထိုးပင့်ကော် လုပ်သူများကိုသာ ချီးမြှောက်ခဲ့၍ မှန်ပါ့ဘုရား နိုင်ငံကြီးသည် တစ်စတစ်စ ယိုယွင်းပျက်စီးလာခဲ့၏။ ရောမကလည်း အီဂျစ်အခြေအနေကို အစဉ်အကဲခတ်နေ၍ ထိုစဉ်က ရောမတွင် တန်ခိုးအထွားဆုံး စစ်ဗိုလ်ချုပ်မှာ ပွန်ပေ (Ponpey) ဖြစ်လေသည်။ ရောမမှာ အမှန်အားဖြင့် သမ္မတနိုင်ငံတစ်ခုဖြစ်၍ ဆဲနိတ်တာများက နိုင်ငံရေးရာကို စီမံခန့်ခွဲအုပ်ချုပ်ရန် ဖြစ်လေသည်။ သို့သော် လက်တွေ့တွင် ဆဲနိတ်တာအားလုံးလိုလိုမှာ လာဘ်စား၍ အပျော်အပါးသာ လိုက်စားကြသူများ ဖြစ်လေရာ တန်ခိုးထွားသော စစ်ဗိုလ်ချုပ်က အာဏာသိမ်းပိုက်၍ အာဏာရှင်အဖြစ် ရောမကို အုပ်ချုပ်ခဲ့ကြသည်သာ ဖြစ်လေသည်။ ထိုစဉ်က ရောမတွင် တန်ခိုးအထွားဆုံး ဗိုလ်ချုပ် ပွန်ပေက ရောမကို ပုန်ကန်ခြားနားတော့၏။ ရောမက စီဇာကို ဗိုလ်ချုပ်ခန့်၍ ပွန်ပေကို တိုက်ခိုက်နှိမ်နင်းရန် စေလွှတ်ခဲ့၏။ စီဇာက ပွန်ပေအား ဖာဆေးလီယာ (Pharsalia)တွင် အောင်ပွဲခံနိုင်ခဲ့၍ ပွန်ပေသည် အယ်လီဇင်ဒရီးယားသို့ ထွက်ပြေးခဲ့၏။ အယ်လီဇင်

www.burmeseclassic.com

www.burmeseclassic.com

ဒရိုးယားမြို့ခံများက ပွန်ပေကို သုတ်သင်ပစ်ခဲ့လေသည်။ ဤသို့ ပွန်ပေကို သုတ်သင်ခြင်းအား ရောမက သဘောကျမည်ဟု အယ်လီဇင်ဒရိုးယားမြို့သားများက ယုံကြည်ကြ၏။

သူတို့သည် ရောမစိတ်ဓာတ်ကို နားမလည်ကြချေတကား။ ရောမများသည် သူတို့လူမျိုးကိုသာ အထင်ကြီး၍ အခြားသူများအား အရိုင်းအစိုင်းများဟု ယူဆကြ၏။ ပွန်ပေကို သုတ်သင်ရန် လိုအပ်သည်ဆိုပါက ရောမရုံးတော်တစ်ခုက ပွန်ပေအား စွပ်စွဲရုံးတင်စစ်ဆေး၍ သေဒဏ်ချမှတ် သုတ်သင်ခြင်းသာ ပြုလုပ်ရမည် ဖြစ်၏။ ယခုကဲ့သို့ အရိုင်းအစိုင်း အယ်လီဇင်ဒရိုးယားမြို့သားများက ပွန်ပေကို သတ်ပစ်ခြင်းကို စီဇာကရော ရောမလွှတ်တော်ကပါ လုံးဝသဘောမတူခဲ့ကြချေ။ ယင်းမှာ လူသတ်မှုကျူးလွန်ခြင်းသာ ဖြစ်၏။ ဗိုလ်ချုပ်ဆိုးသည်က ရောမဗိုလ်ချုပ်တစ်ဦးအား အယ်လီဇင်ဒရိုးယား အရိုင်းအစိုင်းများက သတ်ဖြတ်ပစ်ခြင်း ဖြစ်လေသည်။ ထို့ကြောင့် ၄၈ ဘီစီတွင် စီဇာသည် သူ့အောင်ပွဲရ ရောမတပ်တော်နှင့် အယ်လီဇင်ဒရိုးယားကို ဝင်ရောက်လာသောအခါ ပွန်ပေအား သုတ်သင်သူများက စီဇာထံ အခစားဝင်၍ သူတို့ (ပွန်ပေကို သုတ်သင်ခဲ့သောကြောင့်) ဆုတော်ငွေရတော့မည်ဟု မျှော်မှန်းခဲ့ကြ၏။ သို့သော် စီဇာက သူတို့အား သူ့ရှေ့တော်မှောက်

www.burmeseclassic.com

www.burmeseclassic.com

မှ မောင်းထုတ်ခဲ့ပြီး စီဇာက တိုလမီကိုလည်း လုံးဝမျက်နှာသာမပေးဘဲ အီဂျစ်အား သူ့ရောမတပ်တော်နှင့်သာ သူ့စိတ်တိုင်းကျ အုပ်ချုပ်ခဲ့လေသည်။

ကလီယိုပါးထရား၏ အစွမ်းအစကို ကျွန်ုပ်တို့ ယခုတွေ့မြင်ကြရတော့မည်။ စီဇာအား နိုင်ငံရေး မဟာမိတ်အဖြစ်ထက် ယောကျ်ားသားတစ်ဦးအနေဖြင့် ကလီယိုပါးထရားက မြင်ထား၏။ ထို့ကြောင့် မိန်းမတို့ မာယာ သဲကိုးဖြာဖြင့် စီဇာကို ဖြားယောင်းမည်။ စီဇာရော ဘာသားနှင့် ထုထားတာမို့လဲ။

ကလီယိုပါးထရား၏ ကျွန်ယုံတော် အပိုလိုဒိုရပ်စ် (Apollodorus)က ကလီယိုပါးထရားအား အိတ်တစ်လုံးတွင်ထည့်၍ ထမ်းလာပြီး စီဇာရှေ့မှောက်ရောက်သောအခါကျတော့မှ အိတ်ကြိုးကို အောက်ချလိုက်ရာ အတွင်းမှ ကလီယိုပါးထရား ထွက်လာပြီး စီဇာအား မိန်းမတို့မာယာ သဲကိုးဖြာ အစွမ်းပြတော့၏။

စီဇာက ထိုစဉ်က အသက် ၅၁ နှစ်ရှိသည်ဖြစ်ပြီး ကလီယိုပါးထရားက ၂၁ နှစ်သာ ရှိသေးရာ အလှကြွယ်ချိန်ဖြစ်၍ အဘိုးကြီးစီဇာ ကလီယိုပါးထရား ကျော့ကွင်းသို့ သက်ဆင်းရတော့၏။

ထိုအချိန်ထိ ကံကြမ္မာက ကလီယိုပါးထရားဘက်က ဖြစ်၏။ တိုက်ပွဲတွင် တိုလမီရေတပ် ဆုံးရှုံး၍ တိုလမီပါ ရေနစ်သေဆုံးခဲ့၏။ အယ်လီဇင် ဆိုးယား

www.burmeseclassic.com

www.burmeseclassic.com

မြို့သားများက ကလီယိုပါးထရားနှင့် စီဇာ၏ ရောမ တပ်တော်ကို ခံတိုက်လာသေး၏။ သို့သော် အတွေ့ အကြုံများလှသော ရောမတပ်တော်ကသာ အောင်ပွဲ ဆင်နွှဲနိုင်ခဲ့၍ စီဇာသည် ကလီယိုပါးထရားအား ရွှေ လက်တွဲ၍ အယ်လီဇင်ဒရီးယားမြို့တော်အတွင်း ဝင် ရောက်နိုင်ခဲ့လေသည်။ သူတို့ချင်း လက်ထပ်ထိမ်းမြား ခြင်းမှာ နှစ်ဦးနှစ်ဖက် အလိုကျပင် ဖြစ်၏။ ကလီယို ပါးထရားက ကမ္ဘာပေါ်တွင် တန်ခိုးအထွားဆုံး စစ်ဗိုလ် ချုပ်စီဇာကို လက်ထပ်ထိမ်းမြားခြင်းဖြင့် သူမနန်းဆက် ကို ကာကွယ်နိုင်ပြီး စီဇာအနေနှင့်လည်း အီဂျစ်ကို အခြေပြု၍ အရှေ့တစ်လွှား အိန္ဒိယတိုင်အောင် စစ်တိုက် အောင်ပွဲခံနိုင်တော့မည် ဖြစ်လေသည်။

သို့သော် သူတို့အောင်နိုင်မှုမှာ ရေပွက်ပမာ တစ်သက်လျာတည်း။ စီဇာတွင် ပြိုင်ဘက်များရှိ၏။ အင်တော်နီနှင့် အောက်တေဗီယွန် (Octavian) တို့မှာ စီဇာကို အမြဲမျက်စိဒေါက်ခံကြည့်နေကြ၍ အောက်တေ ဗီယွန်မှာ နောက်ပိုင်းတွင် အော်ဂတ်စ်တပ်စ် (Augustus) အမည်ဖြင့် ရောမ ဧကရာဇ်ဘုရင် ဖြစ်လာမည့်သူ တည်း။

ဒီမိုကရက်အဖွဲ့ဝင်များဖြစ်ကြသည့် ဘရူး တပ်စ်ကက်ဆီယပ်စ် (Brutus, Cassius) တို့က လည်း ရောမကို ဒီမိုကရေစီနည်းကျသော အုပ်စိုးသွားလိုကြ၍

www.burmeseclassic.com

www.burmeseclassic.com

အာဏာရှင်စနစ်ကို ရွံမုန်းသူများ ဖြစ်ကြသည်။ ထို့ကြောင့် မတ်လ ၁၅ ရက် (Ides of March) တွင် စီဇာအား ဒီမိုကရက်များဖြစ်ကြသည့် ဘရူးတပ်စ် ကက်ဆီယပ်စ်နှင့် အပေါင်းပါတို့က လုပ်ကြံသတ်ဖြတ်ခဲ့ကြလေသည်။

ကလီယိုပါးထရားသည် အယ်လီဇင်ဒရီးယားသို့ ထွက်ပြေးလာခဲ့၏။

ကလီယိုပါးထရားနှင့် စီဇာ

သူမအတွက် ယာယီငြိမ်းချမ်းရေးရနေ၏။ ရောမကို သုံးဦး မဟာမိတ်အဖွဲ့ (Triumvirate) က အုပ်ချုပ်နေကြ၏။ မဂ်အင်ထော်နီ အောက်တေဗီယွန်နှင့် လက်ပီဒပ်စ် (Mark, Antony, Octavian and Lepidus) တို့ ဖြစ်ကြ၏။

ကလီယိုပါးထရား ငါးနှစ်တာမျှ ငြိမ်းချမ်းနေ၏။ အောက်တေဗီယွန်နှင့် မက်အင်ထော်နီတို့မှာ ပြိုင်ဘက်များဖြစ်ကြ၍ မက်အင့်ထော်နီက မဟာမိတ်ရှာသည့်အနေဖြင့် မိမိစခန်းချရာ တာဆပ်စ် (Tarsus) သို့ လာရောက်၍ မိမိနှင့်တွေ့ရန် အီဂျစ်ဘုရင်မ ကလီယိုပါးထရားထံ ၄၁ ဘီစီ၌ သဝဏ်လွှာ ရေးသား ပေးပို့ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကလီယိုပါးထရားသည် စီဇာကို အောင်နိုင်ပြီး ဖြစ်၍ ယခု မက်အင်ထော်နီက သူနှင့်လာတွေ့ရန် သူမ ထံ သဝဏ်လွှာပေးပို့ခဲ့၏။

ရောမကို အုပ်ချုပ်သူသုံးဦးအနက် တစ်ဦးကို အောင်နိုင်လျှင် အမြတ်ဟုတွက်၍ ကလီယိုပါးထရား သည် မက်အင်ထော်နီထံ သွားခဲ့၏။

မက်အင်ထော်နီမှာ လူကြမ်းကြီးဖြစ်၍ ဉာဏ် ပညာ ဆင်ခြင်တုံတရား နည်းပါးသည်ကို ကလီယို ပါးထရား သိထား၏။ တားဆပ်စ်သို့ ကလီယို ပါးထရား ရောက်သောအခါ အင်ထော်နီက မိမိနှင့်အတူ ညစာစားသုံးရန် ဘုရင်မအား ဖိတ်ခေါ်ခြင်းကို ကလီယို ပါးထရားက လက်မခံခဲ့ဘဲ သူမပိုင် လှေကြီးပေါ်သို့ မက်အင်ထော်နီအား ဖိတ်ခေါ်ပြီး အကောင်းဆုံး အရှေ့ တိုင်း အစားအစာ သာယာငြိမ့်ညောင်းသည့် တေးဂီတ အပြင် လူကြမ်းကြီး အင်ထော်နီအား ဝိုင်အရက် အလျှံ ပယ်တိုက်၍ လှေကြီးပေါ်တွင် ကလီယိုပါးထရားက ညှို့ဝတ်ပြုခဲ့လေသည်။ ကလီယိုပါးထရားသည် သူ့နား ပန်ထားသည့် အကြီးဆုံး ပုလဲကြီးကို ဖြုတ်ယူ၍ ချဉ်ရေ (Vinegar) စိမ်လိုက်ပြီး အရည်ပျော်သွားသော ပုလဲကို ဝိုင်နှင့်ရော၍ သောက်ပြ၏။ လူရိုင်းကြီး မက်အင်ထော်နီ အံ့ဩဘနန်း ဖြစ်သွားစေရန် ဖြစ်တော့၏။

ယင်းနှစ်မှာပင် မက်အင်ထော်နီနှင့် ကလီယို

www.burmeseclassic.com

www.burmeseclassic.com

ပါးထရားတို့ လက်ထပ် ထိမ်းမြားခဲ့ကြလေသည်။ ထိုအချိန်တွင် အင်ထော်နီသည် ၄၂ နှစ်ရှိပြီဖြစ်ပြီး လည်ပင်းနှင့် ရင်အုပ်ကြီးမားခံ့ညားလှသူ ဖြစ်၏။ အင်ထော်နီသည် အရက်သေစာ ကြိုက်နှစ်သက်သူဖြစ်၍ သူနှင့် အရက်သောက်ဖော်သောက်ဖက်များနှင့် ပျော်ပျော်ပါးပါး ရယ်မောပြောဆိုနေလေ့ရှိသူ ဖြစ်လေသည်။ အင်ထော်နီ၊ အောက်တေဗီယွန်နှင့် လက်ပီဒတ်စ်တို့ ယာယီမဟာမိတ်ဖွဲ့ကြ၍ အောက်တေဗီယွန်က အီတလီနှင့် ရောမမြို့တော်အပါအဝင် အနောက်ပိုင်း တစ်ပိုင်းလုံးကိုရ၍ အင်ထော်နီက အရှေ့ပိုင်းကိုယူကာ လက်ပီဒတ်စ်က အာဖရိကမြောက်ပိုင်းရယူ ကျေနပ်လိုက်ရ၏။ သို့သော် ကာလီယိုးပါးထရားကို ထိခိုက်သည့်အရာ လာတော့မည်။ ရောမမြို့တော်တွင် အင်ထော်နီနှင့် အောက်တေဗီယွန်၏ နှမ အောက်တာဗီယာ (Octavia) တို့ လက်ထပ်ထိမ်းမြားခဲ့ကြလေသည်။ လက်ထပ်ထိမ်းမြား၍ မဟာမိတ်ဖွဲ့ကြခြင်းတည်း။

သုံးနှစ်တာမျှ ကာလီယိုပါးထရားသည် အီဂျစ်ကို အုပ်ချုပ်နေခဲ့၏။ ထိုအချိန်အတွင်း သူမ၏ အရေးကြီးသည့်လုပ်ရပ်မှာ အကျဉ်းသားများအား အဆိပ်အမျိုးမျိုးကျွေး၍ အဆိပ်အာနိသင်များကို မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်လေသည်။

အင်ထော်နီကလည်း အောက်တေဗီယာကို

www.burmeseclassic.com

www.burmeseclassic.com

မချစ်မနှစ်သက်ပေ။ အောက်တေဗီယာမှာ စရိုက်ကြမ်း သူဖြစ်၍ မည်သည့်ယောက်ျားနှင့်မျှ မဆင်ပြေမည် မဟုတ်ချေ။ အင်တော်နီသည် အရှေ့တိုင်း အရှင်သခင် ဖြစ်၍ အရှေ့ဘက်ကို ပြန်လာရမည်။ သူနှင့် ကလီယို ပါးထရားသည် အင်တီယော့(Amtioch)တွင် တွေ့ခဲ့ကြ သည်။ ကလီယိုပါးထရားနှင့် တရားဝင်လက်ထပ်ခဲ့ ကြ၍ ဂျူးလီးယက်စီဇာနှင့် ကလီယိုပါးထရား၏သား စီဇာရီယွန် (Caesarion)သည် အရှေ့တိုင်းကို အမွေဆက် ခံမည့်သူဖြစ်ကြောင်း ကြေညာခဲ့ကြလေသည်။

ယခုအထိ ကလီယိုပါးထရား၏ အောင်ပွဲသာ ဖြစ်လေသည်။ သူမသည် ရောမကို မရသေးစေကာမူ အီဂျစ်နှင့်တကွ သူမ မျှော်မှန်းထားသည်ထက် သူမ ပိုင်ဆိုင်ခဲ့ပြီ ဖြစ်လေသည်။ အင်တော်နီရော ကလီယို ပါးထရားပါ ပျော်နေကြ၏။ ကလီယိုပါးထရားက ယခင်ကထက် လုံခြုံမှုရှိလာ၍ အင်တော်နီက သူကြိုက် နှစ်သက်သည့် အရက်သေစာကိုသောက်ပြီး မူးယစ် ပျော်ပါးနေနိုင်ပြီ။

သို့သော် သူတို့ကြာရှည်စွာ အေးအေး ဆေးဆေးနေနိုင်ကြသည် မဟုတ်ပါ။ အကြောင်းမှုကား ပါသီယန် (Panthians) များက ရောမအရှေ့ပိုင်း ပိုင်နက်များကို ကျူးကျော်လိုက်လာကြသောကြောင့် တည်း။

www.burmeseclassic.com

www.burmeseclassic.com

အင်ထော်နီသည် အီဂျစ်သို့ပြန်၍ လူသူ လက်နက်ရိုက္ခာ စုဆောင်းရင်း အောက်တေဗီယာ (အင်ထော်နီနှင့် လက်ထပ်ထားသူ)က အစောင့်အရှောက် အနည်းငယ်နှင့် အင်တီယောသို့ လိုက်လာပြီး အင်ထော်နီကို ပြန်ခေါ်သွားရန် ဖြစ်လေသည်။

သို့သော် အင်ထော်နီက အောက်တေဗီယာကို အတွေ့မခံခဲ့ချေ။ အင်ထော်နီသည် ပါသီယန်များအား တိုက်ခိုက်နှိမ်နင်းပြီး အက်လီဇင်ဒရီးယားသို့ ပြန်လာခဲ့ လေသည်။ ယင်းအောင်ပွဲက အင်ထော်နီဘဝကြီး အလှည့်အပြောင်းတစ်ခုဖြစ်ခဲ့၏။ သူသည် ပါသီယန် များအပေါ် အောင်ပွဲခံနိုင်ခဲ့၏။ သို့သော် ယင်းအချိန်မှ စ၍ အင်ထော်နီ၏ ကျဆုံးခန်းစတင်ပြီ ဖြစ်လေသည်။

အင်ထော်နီက သူသည် ပါသီယန်များအား အောင်ပွဲခံနိုင်ခဲ့ပြီဖြစ်၍ သူသည် အရှေ့တိုင်းသား ကေရာဇ်ဘုရင်ဖြစ်ကြောင်း ကြေညာခဲ့လေသည်။ ဤ ကဲ့သို့ ကြေညာလိုက်ခြင်းဖြင့် သူသည် ရောမကို အန်တု လိုက်ခြင်းပင် ဖြစ်လေသည်။ သူသည် ရောမကို ပမာမခန့်လုပ်သည့်အနေနှင့် ကလီယိုပါးထရားအား ဆီရီးယားနှင့် အရေးဗီးယားကို အမွေပေးပြီး စီဇာ၏ သားတော် အောက်တေဗီယွန်သည် ဘုရင်များ၏ဘုရင် (King of Kings) ဖြစ်ကြောင်း ကြေညာခဲ့လေသည်။

ယင်းလုပ်ရပ်များကြောင့် ရောမက အင်ထော်နီ

www.burmeseclassic.com

www.burmeseclassic.com

အပေါ် စစ်ကြေညာခဲ့လေသည်။ အင်ထော်နီက အီတလီနှင့် မျက်နှာချင်းဆိုင် အိုင်အိုနီယန်ပင်လယ် (Ionian Sea) ကမ်းခြေမှ အက်တီယန် (Actium) ကို အခြေပြုနေရာယူထား၏။ သူ့လက်အောက်တွင် ရောမ တပ်တော်နှင့် အီဂျစ်ရေတပ်ရှိ၏။ ရောမ ဗိုလ်ချုပ်များ က ကြည်းကြောင်းစစ်ဆင်ရေးသာ နားလည်၍ ရေတပ် အကြောင်း ဘာမှ နားမလည်ကြချေ။

ထို့ကြောင့် ကလီယိုပါးထရားအား အယ်လီ ဇင်ဒရီးယားကို ပြန်ပို့၍ အောက်တေဗီယွန် တပ်များနှင့် အီတလီမြေပေါ်တွင် ယှဉ်ပြိုင်တိုက်ခိုက်ရန် အင်ထော်နီ ဆုံးဖြတ်ခဲ့၏။ သို့သော် ကလီယိုပါးထရားက သူမ ရေတပ်နှင့် အောက်တေဗီယွန်အား ရင်ဆိုင်ရန် ဆုံးဖြတ် ခဲ့လေသည်။

၃၁ ဘီစီ၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ရင်ဆိုင်နေသော ရေတပ်နှစ်ခုသည် အက်တီယမ်တွင် တွေ့ခဲ့ကြ၏။ ယင်းတိုက်ပွဲ၌ အောက်တေဗီယွန်က အောင်ပွဲခံနိုင်ပြီး မြေထဲပင်လယ်တစ်ခုလုံး၏ အရှင် သခင် ဖြစ်ခဲ့လေသည်။

ကလီယိုပါးထရားက သူမတွင် ကျန်ရှိသေး သော သင်္ဘောအနည်းငယ်ကို စုစည်း၍ ပြန်လည် ဆုတ်ခွာခဲ့၏။ စစ်ရှုံး အင်ထော်နီသည် အရက်သောက် ၍ ဖြေသိမ့်မှုရှာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ကလီယိုပါးထရားက အသက် ၁၇ နှစ်ရှိပြီဖြစ်သော သူမ၏သား စီဇာရီယွန်အား ဟင်ဒုစတန် (Hindustan) ကို စေလွှတ်၍ စစ်ကူတောင်းစေ၏။

ခေတ္တတော့ ကလီယိုပါးထရား လုံခြုံနေ၏။ အင်ထော်နီသာ သေပြီဖြစ်ပါက ကလီယိုပါးထရားအား အီဂျစ်တွင် ဆက်လက်နေစေပြီး သူရောမသို့ ပြန်မည်ဖြစ်ကြောင်း အောက်တေဗီယွန်က ကလီယိုပါးထရားထံ လူလွှတ်အကြောင်းကြားခဲ့၏။

သို့သော် ကလီယိုပါးထရားက အောက်တေဗီယွန်အား အယုံအကြည်မရှိချေ။ ထို့ကြောင့် စစ်ဆက်လက်ဖြစ်ပွားပြီး ရောမတပ်တော်များသည် ဆီးရီးယားကိုဖြတ်၍ ဆိုင်နိုင် (Sinai) အထိရောက်လာကြ၏။ ရောမတပ်များသည် အက်လီဇင်ဒရီးယားအထိ ဆက်လက်ချီတက်၍ မြို့တော်ကို ဝန်းရံထားကြလေသည်။

ကလီယိုပါးတရားပါ ကွယ်လွန်ပြီယူဆ၍ အန်ထော်နီသည် သူ့ဓားဖြင့် သူ့ကိုယ်သူ အဆုံးစီရင်ခဲ့လေသည်။

ကလီယိုပါးထရားသည် အောက်တေဗီယွန်အား မိန်းမတို့မာယာ အားကိုးပြီး ဖြားယောင်းရန်ကြံစည်ခဲ့သေး၏။ ထိုအချိန်တွင် သူမ အသက် ၄၀ ရှိနေပြီ။

သို့သော် အောက်တေဗီယွန်သည် မိန်းမ

www.burmeseclassic.com

www.burmeseclassic.com

လိုက်စားသောသူလည်း မဟုတ်ချေ။ နောက်ဆုံး ဘာမျှော်လင့်ချက်မှမရှိတော့ဘဲ ကဲလီယိုပါးထရား သူ့ကိုယ်သူ အဆုံးစီရင်ခဲ့၏။ သူမက မည်သို့ကွယ်လွန်ကြောင်း ဘာအထောက်အထားမှ မကျန်ခဲ့ချေ။ သမိုင်းဆရာအများစုကတော့ သူမ မွေးထားသည့် အလွန်အဆိပ်ပြင်းသည့်မြွေကိုက်၍ သေဆုံးရသည်ဟု ယူဆကြပါကြောင်း တင်ပြလိုက်ရပါသည်။

သောင်းထိုက်

www.burmeseclassic.com

www.burmeseclassic.com

ထရွိုင်မှ ဟယ်လင်
(HELEN OF TROY)
အဖရိုဒိုက်၏ ကျိန်စာ
(The Curse of Aphrodite)

ခေါမကဗျာကို နှံ့စပ်သောသူတို့သာလျှင် ဟယ်လင်နှင့် ပဲရစ်တို့ အချစ်ဇာတ်လမ်းကို ရေရေလည်လည် နားလည်နိုင်မည်ဟု သမိုင်းဆရာများက ရေးခဲ့ကြ၏။

ဟယ်လင်နှင့် ပဲရစ်တို့ အချစ်ဇာတ်လမ်းမှာ ပုံပြင်ဆန်နေသော်လည်း သူတို့ ပုံပြင်ကို မည်သူကမှ ချေဖျက်နိုင်ခြင်းမရှိချေ။ ထရွိုင်မြို့တော်ကြီးကို ခေါမများက တိုက်ခိုက်ဖျက်ဆီးခဲ့သည်ဟု သမိုင်း အထောက် အထား ခိုင်ခိုင်မာမာမရှိသော်လည်း ထရွိုင်မြို့တော်

www.burmeseclassic.com

www.burmeseclassic.com

တည်ရှိခဲ့ခြင်းနှင့် ယင်းမြို့တော်ကြီး ရန်သူ ဖျက်ဆီးခဲ့၍ ပျက်စီးခဲ့ရသည်မှာလည်း အမှန်ပင် ဖြစ်၏။

ထရိုဂျင်စစ်၏ (Trojan war) သည် ၁၀၀၀ ဘီစီတွင် ဖြစ်ပွားခဲ့သည်ဟု သမိုင်းဆရာအများစုက ယူဆခဲ့ကြ၏။ ခေါမများမှာ အလွန်ရှေးကျ၍ ကြေးနီခေတ် (Bronze Age) လက်နက်များကိုင်စွဲကြကာ ထိုစဉ်က အကြီးကျယ်ဆုံး အခမ်းနားဆုံး ထရွိုင်မြို့ကြီးကို ခေါမတို့ အားကျမေးမော ရင်သပ်ရှုမောခဲ့ကြရ၏။

ထရွိုင်မြို့တော် ကျဆုံးခန်း၊ ပဲရစ်နှင့် ဟာင်လင်တို့ အချစ်ဇာတ်လမ်းကို ကဗျာဆရာကြီး ဟိုးမာ (Homer)၏ အီလီယဒ် (Iliad)ကဗျာကြီးနှင့် ဗာဂျိလ်၏ အီနစ် (Vigil's Aeneid) ကဗျာတို့တွင် လှပစွာ မှတ်တမ်းတင်ထားခဲ့ကြလေသည်။

စပါတာဘုရင် တိုင်ဒေရီယပ်စ် (Tyndarius, King of Sparta) ၏စနီး လီဒါ (Leda)မှာ သူမတူအောင် လှပချောမောသူဖြစ်၏။ နတ်ဘုရား ဂျူပီတာ (Jupiter) က လီဒါကိုမြင်သွားပြီး သူမအား မရမနေနိုင်အောင် စွဲမက်သွား၏။ ဂျူပီတာက ငန်းငှက် (Swan)အသွင် ပြောင်းလိုက်၍ ငန်းငှက်ကိုလိုချင်၍ လီဒါက လိုက်ဖမ်းသောအခါ ငန်းငှက်က ဂျူပီတာဖြစ်သွားပြီး သူတို့နှစ်ဦး ရည်ငံ၍ ဟယ်လင်ကို မွေးဖွားခဲ့ခြင်းဖြစ်၏။

ဟယ်လင်မှာလည်း လှပရေးဖြစ်၍ ထိုခေတ်

www.burmeseclassic.com

www.burmeseclassic.com

က နာမည်အကြီးဆုံး လှယဉ်ကျေးမယ်ဖြစ်တော့၏။ ဟယ်လင် ၁၄ နှစ်သမီးတွင် အေသင်ဘုရင် သီးဆီးယပ်စ် (Theseus, King of Athens) က ဟယ်လင်ကို ခိုးယူပေါင်းသင်း၍ သူတို့နှစ်ဦးမှ သမီးတော် အီပီဂျီနီးယား (Iphigenia) ကို မွေးဖွားခဲ့ကြ၏။

ဟယ်လင်သည် သီးဆီးရပ်စ်ကို မချစ်မနှစ်သက်နိုင်ဘဲ စပါတာသို့ ပြန်လည်ထွက်ပြေးလာခဲ့၏။ ဟယ်လင်ကို လာရောက်တောင်းဆိုသူ အများအပြားရှိ၍ မိုင်ဆီနေးဘုရင် အေထရီယပ်စ် (Atreus, King of Mycenae) ၏သားတော် မီနီလာအိုစ် (Mienelaos) နှင့် ဟယ်လင် လက်ထပ်ထိမ်းမြားခဲ့လေသည်။ သူတို့နှစ်ဦးမှာ သမီးတော် ဟာမီယွန် (Hermione)ကို ဖွားမြင်ခဲ့လေသည်။

ဟယ်လင် မဖွားမြင်မီ နှစ်အနည်းငယ်က ထရွိုင်ဘုရင် ပရီယမ် (Priam, King of Troy) နှင့် သူ၏ဇနီး ဟီကျူဘာ (Hecuba) တို့က သားတော်တစ်ပါး ဖွားမြင်ခဲ့၏။ ပဲရစ်ဖြစ်လေသည်။ သားတော်ပဲရစ် မဖွားမြင်မီ ဟီကျူဘာက အိပ်မက်တစ်ခု မြင်မက်ခဲ့၏။ သူမ ဖွားမြင်မည်မှာ သား သို့မဟုတ် သမီး မဟုတ်ဘဲ မီးတုတ်တစ်ခုဖြစ်၍ ယင်းမီးတုတ်က ထရွိုင်မြို့တော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဟီကျူဘာ အိပ်မက် မြင်မက်ခဲ့၏။ မိဘများသည် သူတို့ကိုရော ထရွိုင်

www.burmeseclassic.com

www.burmeseclassic.com

မြို့တော်ကိုပါ ကောင်းကျိုးမပေးသည့်အစားကို အလိုမရှိပါ။ တောင်ထိပ်တစ်ခုပေါ် သားငယ်ကို သွားရောက်ပစ်ထားခဲ့ကြ၏။

သို့သော် ပဲရစ်သည် မသေခဲ့ချေ။ ဝက်ဝံမကြီးတစ်ကောင်က ပဲရစ်ကို နို့တိုက်မွေးမြူခဲ့၏။ နောက်ပိုင်းတွင် တောသူတောင်သားများက ပဲရစ်ကိုတွေ့သွားပြီး ဆက်လက်မွေးမြူစောင့်ရှောက်ခဲ့ကြ၏။

ပဲရစ်သည် သိုးကျောင်းသားအဖြစ် ကြီးပြင်းခဲ့ရ၏။ နောက်ပိုင်းတွင် ပဲရစ်နှင့် ဟယ်လင်တွေ့ကြပြီး ချစ်ကြိုက်သွားကြကာ သူတို့နှစ်ဦး ၁၉ နှစ် ပျော်ရွှင်စွာ ပေါင်းသင်းခဲ့ကြ၏။ ချစ်သူနှစ်ဦးသည် ထရွိုင်မြို့တော်သို့ ရောက်လာကြလေသည်။

ခေါမတို့က ဟယ်လင်နဲ့ သူမပါသွားသော ပစ္စည်းများ ပြန်ပေးရန် ထရွိုင်မြို့သားများထံမှ တောင်းကြ၏။ တောင်းဆိုသည်ကို မရသောအခါ ခေါမတို့က ထရွိုင်မြို့တော်ကို ဝန်းရံကြ၏။ ခေါမတို့က ၉ နှစ်ကြာ ပြင်ဆင်ပြီးမှ ထရွိုင်ကို ဝန်းရံခဲ့ရခြင်းဖြစ်လေသည်။ ခေါမခေါင်းဆောင်များတွင် နာမည်ကြီးပုဂ္ဂိုလ် အများအပြားပါဝင်၏။ ယင်းတို့အနက် အဂါမက်နွန် (Agamenon) နှင့် အာချီလိစ် (Archilles) တို့ ပါဝင်၏။

အာချီလိစ်ကို မွေးမြင်ပြီး သူ့မိခင်က သားကို စတိုင်စ် (Styx) မြစ်တွင် ရေစိမ်ခဲ့ရာ ရေမထိသော

www.burmeseclassic.com

www.burmeseclassic.com

ဖနောင့်မှလွဲ၍ အာချီလိစ်ကို မည်သည့်ရန်သူကမျှ အန္တရာယ်မပြုနိုင်ချေ။ ထို့ပြင် ယူလဆီးစ် (Ulysses) မှာလည်း နာမည်ကြီး သူရဲကောင်းတစ်ဦးဖြစ်၏။

ဆက်လက်တိုက်ခိုက်ကြရာ အာချီလိစ်ဖနောင့်ကို မြားမှန်ပြီး အာချီလိစ် ကျဆုံးခဲ့၏။

[illegible]

[illegible]

ထရွိုင်မြို့တော်တွင်းဝယ် ထရိုဂျန်များ စိတ်ဝမ်းကွဲပြားနေကြ၏။ အချို့က ဟယ်လင်မှာ မကောင်းဆိုးဝါးမဖြစ်၏။ သူမကြောင့် ထရွိုင်မြို့တော် အပျက်စီးမခံနိုင်။ ထို့ကြောင့် ဟယ်လင်ကို ရန်သူလက် အပ်ချင်ကြ၏။

ထို့ကြောင့် သူတို့က ပဲရစ်အား အကြံပေးကြ၏။ ဟယ်လင်ကို ခေါ်မများလက်ထဲ ပြန်အပ်လိုက်ပါ။ ခေါ်မသူရဲကောင်းတစ်ဦးတွင် ဟာကြူလိစ်၏ အဆိပ်မြားအချို့ရထား၏။ ပဲရစ်လည်း တိုက်ပွဲတွင် ကျဆုံးခဲ့ပြီဖြစ်၏။ ဟယ်လင်ကို ကာကွယ်နေသော သူရဲကောင်းလည်း ကျဆုံးခဲ့ပြီဖြစ်၏။

ယူလစီစ်၏ မဟာဗျူဟာကြောင့် ထရွိုင်မြို့တော် ကျဆုံးခဲ့ရ၏။ ယူလစီစ်က သစ်သား မြင်းရုပ်ကြီးလုပ်၍ အရုပ်ကြီးထဲတွင် ခေါ်မစစ်သည်များ ထည့်ထားပြီး မြင်းရုပ်ကြီးကို မြို့ရိုးနားယူသွားကြ၏။ မြို့ရိုး

www.burmeseclassic.com

www.burmeseclassic.com

ရောက်သောအခါ မြင်းရုပ်ထဲမှ ခေါင်းမစစ်သည်များ ထွက်လာ၍ ထရွိုင်မြို့တော်ကို ဝိုင်းတိုက်ကြ၏။

ဟယ်လင်သည် သဘော်ဖြင့် ခေါ်မသို့ ပြန်လာခဲ့၏။ ဟယ်လင် မည်သို့ ကွယ်လွန်ကြောင်း အသေအချာမသိရပါ။ အချို့က သူမ ကိုယ့်ဟာကိုယ် သတ်သေသွားသည် ရေးကြ၏။ အချို့ကတော့ သူမ၏ လင်ပါသားများက ဟယ်လင်ကို သတ်သည်ဟု ရေးကြ၏။ မည်သို့ဖြစ်စေ လူကြိုက်အများဆုံး၊ အထူးဆန်းဆုံး၊ ခေါ်မအချစ်ပုံပြင်တစ်ခု နိဂုံးချုပ်သွားပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကာလိုင်ဇနီးမောင်နှံ
(The Carlyles)

တောမတ်စ်ကာလိုင်ဇနီးမောင်နှံ အိမ်ထောင်သက် နှစ်ပေါင်း ၄၀ ကျော် အတူတကွ နေထိုင်ကြသည့် အိမ်ကြီးက သူတို့နှစ်ဦး အိမ်ထောင်သည်ဘဝကို အတော်အတန် ထင်ဟပ်ဖော်ပြနိုင်မည် ဖြစ်ပါသည်။

အိမ်နံပါတ် ၂၄ ချေနီရိုး၊ ချယ်ဆီ

24 Cheyne Row- Chelsea

တွင် တောမတ်စ်ကာလိုင်ဇနီးမောင်နှံ နှစ်ပေါင်း ၄၀ ကျော် နေထိုင် ခဲ့ကြ၏။ သူတို့နှစ်ဦးစလုံးမှာ စာသမား၊ ပေသမားများဖြစ်ကြ၍ ဘဝတူချင်းမို့ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြမည် မျှော်မှန်းရသော်လည်း အမှန်မှာ ဤသို့ မဟုတ်ရပါ။ တောမတ်စ်

www.burmeseclassic.com

www.burmeseclassic.com

ကာလိုင်က ချယ်ဆီနေအိမ်ကြီးမှ ကမ္ဘာကျော် စာပေ အမြောက်အမြား ရေးသားထုတ်ဝေနိုင်ခဲ့၍ တောမတ်စ် ကာလိုင်သည် အင်္ဂလိပ်စာပေတွင် နာမည်အကြီးဆုံး စာပေပညာရှင်တစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီ ဖြစ်၏။

ထို့ကြောင့်ပင်လျှင် သူတို့ဇနီးမောင်နှံ အိမ်ထောင်သည်ဘဝမှာ ပျော်ရွှင်ဖွယ် လုံးဝမရှိဖြစ်ခဲ့ရသည် ယူဆရတော့မည်။ နာမည်အကျော်ကြားဆုံး ပုဂ္ဂိုလ်ကို အိမ်ထောင်ဖက်ပြုရသူ အမျိုးသမီးများ ကံကြမ္မာဟု ဆိုရတော့မည်။ အထူးသဖြင့် ကမ္ဘာကျော် စာပေပညာရှင်ကို လင်လုပ်မိသူ၏ ကံကြမ္မာဟု ဆိုနိုင်မည်ထင်၏။

ယင်းချယ်ဆီအိမ်ကြီးတွင် နေထိုင်စဉ် တောမတ်စ်ကာလိုင်၏ ကမ္ဘာကျော် စာအုပ်များ တစ်အုပ်ပြီး တစ်အုပ် ထွက်ပေါ်လာခဲ့ပါသည်။

Sartor Resartus,
Heroes and Hero Worship,
The French Revolution,
The Story of Frederick the Great

ယင်းစာအုပ်များအနက် Heroes and Hero Worship စာအုပ်မှာ ကျွန်တော် ဖတ်ဖူးသမျှ စာအုပ်များ အနက် ကျွန်တော် အနှစ်သက်ဆုံး တန်ဖိုးအထားဆုံး စာအုပ်ဖြစ်ကြောင်း ကျွန်တော် ရေးခဲ့ဖူးသည်။ အမှန် ဆရာ မြတ်နိုးခြင်းအမည်ဖြင့် Heroes and Hero Worship စာအုပ်အကြောင်း ကျွန်တော် ရေးသားထုတ်ဝေ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ဖူးပါသည်။

တောမတ်စ်ကာလိုင်မှာ တိဟိတ်ပုဂ္ဂိုလ်မျိုး ဖြစ်၍ သူလုပ်သည့် အလုပ်တွင် လုံးဝသူ့အာရုံစုစည်းထား၍ အခြားဘာကိုမျှ စိတ်ပါဝင်စားသူ မဟုတ်ချေ။ ဤကဲ့သို့ အခြားအရာအားလုံးကို လျစ်လျူရှုထားသည့်အထဲတွင် ကံမကောင်းစွာ သူ၏ဇနီးသည်ပါ ပါဝင်ခဲ့ရ၏။

သူ့ဇနီး Jane Welsh Carlyle မှာလည်း စာပေဝါသနာရှင်ဖြစ်၍ လက်တင်ဘာသာ သင်ယူခဲ့ပြီး အသက် ၉ နှစ်အရွယ်တွင် ကဗျာကျော် Virgil ကဗျာရှည်ကြီးကို လက်တင်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့၏။ အပျော် စိတ်ပြေလက်ပျောက် သင်္ချာဘာသာ လေ့လာခဲ့ပြီး သူမသည် ပြင်သစ်နှင့် အီတလီဘာသာများဖြင့် ပြောနိုင်ရေးနိုင်သူ ဖြစ်လေသည်။

တောမတ်ကာလိုင်လို သူစိတ်ဝင်စားသည့် အလုပ်တွင် လုံးဝ နစ်မြုပ် လုပ်ကိုင်သူ ရှာမှရှားဆိုရမည်။ သူစာရေးရာတွင် အခြားအသံဗလံ အနှောင့်အယှက်မရှိစေရန် အသံလုံအခန်း (Sound Proof Room) တည်ဆောက်ပြီး ယင်းအခန်းကို အလုံပိတ်၍ သူ့စာပေများကို ပြုစုရေးသားခဲ့ခြင်းဖြစ်၏။

ကာလိုင် သူ့ဇနီးကို တစ်ချိန်က နှစ်နှစ်ကာကာ ချစ်ခဲ့သည်မှာ သေချာပါသည်။ ကာလိုင်သည် သူ့ဇနီးသည်ကို ငါးနှစ်တိုင်တိုင် ပိုးပန်းလျှက် လှည့်ခဲ့ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်ယူခဲ့ခြင်းဖြစ်၏။

သူတို့နှစ်ဦး တွေ့ဆုံကြခြင်း မပြုမီ နှစ်ဦးစလုံးသည် တကယ် နှစ်နှစ်ကာကာချစ်သော ချစ်ဦးသူ ရှိခဲ့ကြဖူး၏။ ဂျိန်းဝဲ့အတွက် သူမ ကျောင်းသူဘဝက ဟက်ဒင်တန် (Haddington) ကျောင်းမှ ကျောင်းဆရာ Edward Irving မှာ သူမချစ်ဦးသူ ဖြစ်လေသည်။ အရပ် ရှည်ရှည် ကိုလှချော အာဗင်မှာ ဂျိန်း၏ ရွှေမင်းသား လေးဖြစ်ပြီး ဆရာက ဂျိန်းဝဲကို သီးခြားစာသင်ပေးခဲ့၏။

အာဗင်မှာ တစ်ယူသန်ဖြစ်၏။ မူလက Presbytarian Church ဂိုဏ်းဝင်ဖြစ်သော်လည်း ယေရှု ခရစ်တော် နောက်တစ်ကြိမ်ပြန်ပေါ်လာဦးမည်။ (Second Advent of Christ) ကို ယုံကြည် ဟောပြောခဲ့ပြီး သူ့အား မူလဘုရားရှိခိုး ကျောင်းမှ နှင်ထုတ်ခြင်းခံရ၍ သူ့ အယူများကို ဟောပြောနိုင်ရန် သူပိုင်ဘုရားရှိခိုးကျောင်း လည်း တည်ထောင်ခဲ့လေသည်။ The Holy Catholic Apostolic Church ဟုခေါ်၏။ ယင်းဘုရားရှိခိုးကျောင်း တွင် တမန်တော်များသည် လူ့အသွင်ဖြင့် လူတို့နှင့် ရောနှောနေထိုင်သည်ဟုလည်းကောင်း နှစ်နှစ်ကာကာ ယုံကြည်သူ များသည်။ သူ့အလိုအလျောက် ဟောပြော တတ်လာ၍ မယုံကြည်သည့် မိစ္ဆာဒိဋ္ဌိများ ဦးခေါင်းမှ မီးတောက်မည်ဟု ပြောဟောခဲ့၏။

သူတို့ အချစ်ဇာတ်လမ်းမှာ စကတည်းက

www.burmeseclassic.com

www.burmeseclassic.com

အခက်အခဲပေါင်း သောင်းခြောက်ထောင်နှင့် ဖြစ်၏။ အကျဲဝဒ်အာဇင်သည် ဘုန်းတော်ကြီး (Minister) ဖြစ်၍ အခြားအမျိုးသမီးတစ်ဦးနှင့် စေ့စပ်ထားသူဖြစ်၏။ ဂျိန်းဝဲ သည် ချစ်သူနှင့်လွဲခဲ့ရသည့်အပြင် သူ့အားကိုးရာ ဖခင်ကြီးပါ သေဆုံးခဲ့ရ၏။ ဤကဲ့သို့ သူမအချစ်ဆုံးသူ နှစ်ဦး ဆုံးရှုံးလက်လွှတ်ရပြီးမှ ဂျိန်းဝဲတောမတ် ကာလိုင်နှင့်တွေ့ခဲ့ရခြင်း ဖြစ်လေသည်။

သူတို့အချစ်ဇာတ်လမ်းမှာ အမေဘုတ်ကယ် သူ့ချည်ခင်ဖြစ်၏။ တောမတ်ကာလိုင်ကို ဟက်ဒင်တန် သို့ အက်ဒွပ်အာဇင်က ခေါ်ယူခဲ့ခြင်း ဖြစ်လေသည်။

တောမတ်ကာလိုင်ကို ၁၇၉၅ ခုနှစ်၌ စကော့ လန်ကျေးရွာလေးဖြစ်သည့် Ecclefechan တွင် မွေးဖွား ခဲ့၏။ သူသည် ဂျိန်းထက်ငါးနှစ်ကြီး၏။ တောမတ် သည် အစစတွင် အကောင်းဆုံးဆိုတာ လိုချင်တပ်မက် သူ (Idealist) ဖြစ်၍ သူ့ရုပ်ရည်တွင် အထူးခြားဆုံးမှာ သူ့မျက်လုံးများဖြစ်၏။ သူ့မျက်လုံးများမှာ ထာဝစဉ် အိပ်မက်မက် လွမ်းဆွေးနေသော မျက်လုံးများ ဖြစ်လေ သည်။ အလွန် စိတ်ထိခိုက်လွယ်၍ သူ့ကျောင်းနေဘက် များက ကာလိုင်အား (Tim the tearful)မျက်ရည်လွယ် သူ ဇင်မ်ဟု နောက်ပြောင်ခေါ်ခဲ့ကြ၏။

ကျောင်းသားဘဝတွင် ကာလိုင်သည် ထာဝ စဉ် ကျောင်းသားကြီးများ၏ နှိပ်စက်ခြင်း ခံခဲ့ရ၍ အိုဒင်

www.burmeseclassic.com

www.burmeseclassic.com

ဘာ်ရာတက္ကသိုလ် ရောက်သောအခါတွင်လည်း တော မတ်ကာလိုင်တွင် အဖော်အပေါင်းအသင်းမရှိဘဲ တစ်ကိုယ်တော် တက္ကသိုလ်ကျောင်းသားကြီး ဖြစ်ခဲ့လေသည်။ အပေါင်းအသင်းမရှိ၊ ငွေကြေးမရှိဘဲ စာအုပ်ကိုသာ အဖော်လုပ်ကာ စာကြမ်းပိုးတစ်ဦး ဖြစ်ခဲ့လေသည်။ သူသည် စာပေနှင့် လူတစ်လုံးသူတစ်လုံးဖြစ်ရန် ဆန္ဒအလွန်ပြင်းပြ၏။ သူ့ သူငယ်ချင်းတစ်ဦးထံ တောမတ်ကာလိုင်က ဤသို့စာရေးသားခဲ့ဖူး၏။

"ငါ့ကို ဘာအလိုချင်ဆုံးလဲ၊ ဘာကို အတပ်မက်ဆုံးလဲမေးရင် ငါ အလိုလားဆုံးက ငါ့ကို လူတွေသိစေချင်တာပဲ။ "Wish of being known has being the foremost; I may attain Literacy fame"

သူက စာရေးချင်၏။ သို့သော် သူ ကျောင်းဆရာလုပ်ရမည်။ ဒီတစ်မျိုးပဲ သူတတ်တော့ ထမင်းစားရအောင် သူစာသင်ရ၏။ သူ့အချစ်ဦးမှာလည်း သူ ထက်ချမ်းသာကြွယ်ဝသူ အိစ်စသူ့ထက်သာသော Margaret Gorder ဆိုသူဖြစ်၏။ မမိတဲ့ပန်း တုံးခုလို့ မလှမ်းတော့ပါ။ အချစ်ဦးဆိုသော်လည်း သူက တစ်ဖက်သတ် ချစ်ရသူသာ ဖြစ်၏။ အချစ်ဦးနှင့် လွဲရသည့်ပြင် သူငယ်စဉ်ကစပြီး အစာခြေကြေရောဂါ (Dyspepsia) စွဲကပ်လာရာ သူ့သက်တမ်းတစ်လျှောက်လုံး ယင်းရောဂါက ကာလိုင်ကို နှိပ်စက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

Margaret Gorder ကို မမှန်းနိုင်ဘဲ ကာလိုင် စကော့လန်ကတ်ကယ်ဒီ (Kirkcaldy) သို့ရောက်လာပြီး စာပေများ စတင်ရေးတော့၏။ ထိုစဉ် ဂျိမ်းဝက်ရှ်နှင့် တွေ့ပြီး သူ့ဘဝတစ်ဆစ်ချိုး ပြောင်းလဲခဲ့လေသည်။ သူသည် သမိုင်းစာအုပ်များကို အများဆုံးဖတ်၍ သူ့ ဟောသုတမှာ အံ့မခန်းဆိုရမည်။ သူ့အား ခေတ်သိများက စွယ်စုံကျမ်းကြီး (Encyclopaedia) ဟု နောက်ပြောင် ခေါ်ကြ၏။

ဂျိန်းဝဲရှ် ကာလိုင်နှင့် တွေ့ဆုံစဉ်တွင် သူမ အတွက် အာဗင်ကလည်း မျှော်လင့်ချက်မရှိတော့ဘဲ သူမ အားကိုးရာ ဖခင်ကြီးပါဆုံးပါးခဲ့ပြီဖြစ်၍ အားကိုး ရာရှာသည့်အနေနှင့် ကာလိုင်ကို လက်ခံလိုက်ခြင်း ဖြစ် ပေလိမ့်မည်။

သူတို့နှစ်ဦး ပေးစာများ ကျန်ရှိခဲ့၍ နှစ်ဦးစလုံး စာများတွင် ရာဇဝင်ကြောင်းများ၊ စာပေကြောင်းများ ရေးထားကြ၏။ ဥပမာ ဂျာမန် စာပေပညာရှင် ဂိုတေ (Goethe) အကြောင်းကို အပြန်အလှန် ဆွေးနွေးကြ၏။ ဂျိန်းဝဲရှ်က ကာလိုင်၏ စိတ်နေသဘောထား၊ သူ့ပညာ ကို လေးစား၍ သူ့အနေနှင့် ကာလိုင်အား စိတ်ဝင်စား သည် ယူဆ၍မရသေးချေ။ ကာလိုင်အား မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးအနေနှင့်သာ အလိုရှိပြီး ချစ်သူအဖြစ် လက်မခံလို ဟုယူဆရ၏။ ထို့ကြောင့် ကာလိုင်အား ကြိုးရှည်ရှည်နှင့် လှန်ထားပြီး သူ့ချစ်သူဖြစ်မလာစေရန် အတတ်နိုင်ဆုံး ရှောင်နေခဲ့၏။ သူမ ကာလိုင်ထံရေးသည့် စာတစ်စောင်တွင်-

"ကျွန်မဟာ တခြားမိန်းကလေးတွေလို လူတစ်ယောက်ကိုချစ်ပြီး လက်ထပ်ဖို့ လုံးဝစိတ်မဝင်စားပါ"

ကာလိုင်ကလည်း ဂျိန်းအား သူ၏ ဉာဏ်ပညာထက်မြက်သော တပည့်တစ်ဦးသဖွယ် ဆက်ဆံခဲ့သည်ကို တွေ့ရ၏။ ဂျိန်းထံလာသည့် စာများတွင် နာမည်ကြီး ဂန္ထဝင်စာပေများဖြစ်သည့် Tasso, စာရေးဆရာ၊ ကဗျာဆရာ ကြီးရှီလာ (Schiller) ၏ Maria Stuart, Wallenction တို့ကိုဖတ်ပြီး မပြီးရေးသား မေးမြန်းခဲ့၏။ ကာလိုင်က တစ်ခါတစ်ရံ ဂျိန်းဝဲ၍အား မြှောက်ပေးသည်ကိုလည်း တွေ့ရ၏။ 'သင်ဟာ ကျွန်ုပ် တွေ့ဖူးသော မိန်းမများအနက် အချောဆုံး၊ အထင်ရှားဆုံးသူဖြစ်ပါတယ်'

By far, the most distinguished female of all I ever knew ဟု ကာလိုင်က ရေးခဲ့၏။

သူတို့နှစ်ဦးသည် ၁၈၂၆ ခုနှစ်တွင် လက်ထပ်ခဲ့ကြလေသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး စွဲစွဲမြဲမြဲ

www.burmeseclassic.com

www.burmeseclassic.com

ချစ်သည်ဟု မယူဆနိုင်ပေ။ နှစ်ပေါင်း ၄၀ လုံးလုံး ချယ်ဆီအိမ်ကြီးတွင် နေထိုင်ခဲ့ကြ၍ ကာလိုင်က အခန်းတွင်း အောင်းကာနေခဲ့၍ ဂျိန်းဝဲလ်ရှ်က တစ်ဦးတည်း အထီးကျန်နေခဲ့ရ၏။

သူတို့နှစ်ဦး လန်ဒန် ချေနီရိုး (Cheyne Row) သို့ ပြောင်းလာကြပြီး ကာလိုင် စာသာဆက်ရေးခဲ့၍ ဂျိန်းဝဲလ်ရှ်က လန်ဒန် အပေါင်းအသင်းများနှင့် ပိုမိုပျော်မွေ့လာသည် ယူဆရ၏။

သူတို့ နေအိမ်သို့ ဤခေတ်က နာမည်ကြီး စာရေးဆရာ ကဗျာဆရာ များဖြစ်သည့် Browning, Emerson, Tennyson, Mazzim တို့ မကြာခဏ လာလည်ကြ၏။

လန်ဒန်တို့ ကာလိုင် အမျိုးသမီးတစ်ဦးကို တွေ့၏။ Lady Harriet Baring ဖြစ်လေသည်။ ကာလိုင်က လေရီဟာယ်ရီယက်ကို အရေးပေးလေ, ဂျိန်းဝဲလ်ရှ် ပိုစိတ်ညစ်ရလေဖြစ်ပြီး နောက်ဆုံး ဂျိန်းဝဲလ်ရှ် မော်ဖီးယား (Morphia) စတင်သုံးကာ ဆေးစွဲသွားတော့၏။ ထိုစဉ် ချော်လဲ၍ ဂျိန်းဝဲလ်ရှ် ကိုယ်တစ်ပိုင်း သေသွားလေသည်။ ကာလိုင်က ကမ္ဘာကျော် Frederick ဘုရင်ကြီးအကြောင်း ရေးနေဆဲဖြစ်၍ သူ့မိန်းမ ဘာဖြစ်နေသည်ကို သတိပြု

www.burmeseclassic.com

www.burmeseclassic.com

မိပုံ မပေါ်ချေ။ ထိုအချိန်၌ မစ္စကာလိုင်သည် အသက် ၆၂ နှစ်ရှိနေပြီ။

၁၈၆၅ ခုနှစ်တွင် ကာလိုင်သည် စာပေနယ်၌ အထွတ်အထိပ်ရောက်ချိန်ဟု ဆိုနိုင်၏။ သူ့အား ဗြိတိသျှအစိုးရက အီဒင်ဘာရာတက္ကသိုလ် အဓိပတိ Lord Rector of Edinboraigh University ခန့်အပ်ခဲ့လေသည်။

ဂျိန်းဝဲ၍သည် မြင်းလှည်းနှင့်လာစဉ် ရထားမှောက်၍ နှလုံးရောဂါဖြင့် ဂျိန်းဝဲ၍ ကွယ်လွန်ခဲ့လေသည်။

ကျွန်ုပ်တို့ နောက်ဆုံးအချိန် တောမတ်ကာလိုင်အား တွေ့ရသည်မှာ သူလန်ဒန်တွင်နေထိုင်စဉ် အသက် ၈၆ နှစ်အရွယ်တွင်ဖြစ်၏။ သူ့ဇနီး ဒုတ်ဂ္ဂရီရာ အီဒင်ဘာရာသို့ အဘိုးကြီး တောမတ်ကာလိုင် လာရောက်ပန်းစည်းလေးများ ချထားသည်ကို တွေ့မြင်ခဲ့ရပါသည်။

တောမတ်ကာလိုင်သည် စာပေရေးရာတွင် သူ့ခေတ်က အကြီး ကျယ်ဆုံးပုဂ္ဂိုလ်ကြီးဖြစ်ပါကြောင်း (The Greaterst Man of the age in books) တင်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စကော့များ၏ ဘုရင်မ (သို့မဟုတ်) မေရီစတူဝဒ်
(Mary Queen of Scots or Mary Stuart)

စကော့များ၏ဘုရင်မ သို့မဟုတ် မေရီစတူဝဒ် အား ကြမ္မာငင်သော ဘုရင်မ (The Fatal Queen)ဟု ခေါ်ဆိုသင့်၏။ အကြောင်းမူကား သူမနှင့် ဆုံစည်းရသူ ကျားသတ္တဝါတိုင်းလိုလို ကြမ္မာဖြိုဖျက်ဆိုးနှင့် ကြုံတွေ့ခဲ့ရသောကြောင့်တည်း။

မေရီစတူဝဒ်မှာ တကယ်မြင်သူ ငေးလောက်အောင် ချောမောလှပသည်မှာ အမှန်ပင်ဖြစ်၏။ သို့သော် သမိုင်းဆရာအချို့ စွပ်စွဲခဲ့ကြသလို သူမသည် မှဆိုးတစ်ပိုင်း မိန်းမရိုင်းကြီး မဟုတ်ရပါ။

ဂျာမန်စာရေးဆရာ ကဗျာဆရာကြီးရှိလ

www.burmeseclassic.com

www.burmeseclassic.com

(Schiller) နှင့် နောက်ပိုင်းတွင် အင်္ဂလိပ်စာရေးဆရာ (Drinkwater) တို့က မေရီစတူဝဒ်မှာ ရုပ်ရည်ချောမော သလို စိတ်သဘောထား ဖြူစင်သူလည်းဖြစ်ကြောင်း၊ ကျူးသတ္တဝါများနှင့် သူမအား မနာလိုသူများကြောင့် မေရီစတူဝဒ် ကြမ္မာကြိုးဟ်ဆိုးနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ် ကြောင်း ရေးသားခဲ့ကြပါသည်။

သူမသည် ကြွားဝါတတ်သော်လည်း အချစ် ကြီး ချစ်တတ်သူ ဖြစ်၏။ သူမကိုယ်တိုင်က မကြီး ကျယ်ပါပဲ သမိုင်းလှည့်ကွက်များကြောင့် မေရီစတူဝဒ် သည် လူကြီးလူကျယ် စာရင်းဝင်ဖြစ်လာရခြင်း ဖြစ်လေ သည်။

သူမထက် ဉာဏ်ရည်သာပြီး ကံကောင်းသော အဲလိဇဘက် ဘုရင်မ (Queen Elizabeth) က မေရီ စတူဝဒ်အား ရန်ငြိုးဖွဲ့ပြီး မေရီအား မပြန်လမ်းသို့ ပို့ခဲ့ခြင်းဖြစ်၏။ ရုပ်ရည်ချောမောလှပပြီး ကြမ္မာကြိုးဟ် ဆိုးနှင့် တိုးခဲ့ရသောကြောင့် သူမအား သနားကြင်နာပြီး အကောင်းမြင်သူများ အများအပြားရှိခဲ့ကြပါသည်။

သူမ ဥပဓိရုပ်တွင် မျက်လုံးများမှာ အထင်ရှား ဆုံး၊ အထူးခြားဆုံး ဖြစ်၏။ သနားကြင်နာတတ်ပြီး ဆွဲဆောင်အားကောင်းလှသော မျက်လုံးများပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

သူမသည် ဂီတကို မြတ်နိုးပြီး ကဗျာစပ်ဆိုတတ်သူ ဖြစ်၏။

သူမနှင့် တွေ့ဆုံချစ်ကျွမ်းဝင်ခဲ့သော ကျား သတ္တဝါများ ကြမ္မာဆိုးနှင့် ကြုံတွေ့ရသည်မှာ ကံကြမ္မာ လှည့်ကွက်ဟု ဆိုရမည်။ အဲလိဇဘတ်ရော မေရီပါ အင်္ဂလိပ် ထီးနန်းလုကြရင်း ရန်ဘက်ဖြစ်လာကြရလေသည်။ မေရီက သူမ၏ အောင်လံတွင် အင်္ဂလိပ်သရဖူ ပုံထည့်ထားပြီး အဲလိဇဘတ်ကလည်း သူမသာ တတ်နိုင်ပါက စကော့တလန်ကို သူမပိုင်နက်ထဲ ထည့်လိုသည်မှာ ယုံမှားသံသယဖြစ်ဖွယ်မလိုပါ။

နောက်မျိုးဆက်သစ်နှစ်ဆက် ကုန်ဆုံးသောအခါ စကော့တလန်ဘုရင်က အင်္ဂလိပ်ထီးနန်း ဆက်ခံခဲ့၍ ငြိမ်းချမ်းစွာ ပြုလုပ်နိုင်ခဲ့သောကြောင့် အင်္ဂလိပ်များရော စကော့များပါ အံ့ဩဘနန်း ဖြစ်ခဲ့ကြရ၏။

အင်္ဂလန်မှ သတ္တမမြောက် ဟန်နရီဘုရင် (Henry VII) သည် အင်္ဂလိပ်ဘုရင် အဋ္ဌမမြောက် ဟန်နရီ (Henry VIII) နှင့် မင်းသမီး မာဂရက်၏ဖခင် ဖြစ်၏။ မားဂရက်က စကော့တလန်ဘုရင် (James IV) ကို လက်ထပ်ခဲ့၍ မာဂရက်၏မြေးမှာ စကော့တို့ ဘုရင်မ မေရီဖြစ်ပြီး အဲလိဇဘက်မှာ Henry VIII ၏ သမီးဖြစ်၍ မေရီနှင့် အဲလိဇဘက်မှာ ညီအစ်မ ဝမ်းကွဲများတည်း။ အဲလိဇဘက်က အိမ်ထောင်မပြု၍ မေရီ၏

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်ထီးနန်းကို ဆက်ခံခွင့် တောင်းခံခဲ့ခြင်းဖြစ်၏။

(Lady Jane Grey) ကလည်း အင်္ဂလိပ်ထီးနန်း ဆက်ခံခွင့် တောင်း ခံခဲ့ရာ အဲလိဇဘက်က ဂျိန်းဂရေးကို ကွပ်မျက်ခဲ့ခြင်းဖြင့် ပြဿနာဖြေရှင်းခဲ့လေသည်။ Henry VII ၏ မြေးတစ်ဦးဖြစ်သူ (Darnley) ကလည်း ဒီဇာတ်ရှုပ်ထဲ ပါလာပြန်၏။ သို့သော် ဒန်လေမှာ မြို့စားကြီးလင်းနောက် (Earl of lennox) သားဖြစ်၍ ထီးနန်းနှင့် အနီးစပ်ဆုံးမှာ အဲလိဇဘက်နှင့် မေရီတို့သာ ဖြစ်လေသည်။

အဲလိဇဘက်က မေရီထက် ၉ နှစ်ကြီး၍ ယင်း အချက်ကလည်း အရေးကြီးပေ၏။ အဲလိဇဘက်က အကျင့်စာရိတ္တရှိသား အေးဆေးသော်လည်း ရုပ်ရည် မချောရုံသာမဟုတ် အကျည်းတန်သည်ဟုပင် ဆိုနိုင်၏။ ထို့ကြောင့် ရုပ်ရည်ချောမောလှပသော မေရီကို အဲလိဇဘက် မျက်စိစပါးမွေး စူးသည်မှာ သဘာဝကျပါသည်။

မေရီမှာ စကော့တလန်ဘုရင် ပဉ္စမမြောက် ဂျိမ်း (James V King of Scotland) နှင့် မေရီဂိုက်စ် (Mary Guise)၏သမီးဖြစ်၍ ၁၅၄၂ ခုနှစ်တွင် မေရီကို ဖွားမြင်ခဲ့ခြင်းဖြစ်လေသည်။ မေရီဂိုက်စ်မှာ ပြင်သစ် သူဖြစ်၍ ယင်းကြောင့် ဇာတ်ပိုရှုပ်ခဲ့ရ၏။

စကော့တလန်၌ ကက်သလစ်နှင့် ပရိုတက်

www.burmeseclassic.com

www.burmeseclassic.com

စတင် ဘာသာရေးရန်ပွဲအပြင် စကော့မြို့စားကြီးများမှာလည်း အချင်းချင်း မသင့်မြတ်ဘဲ တစ်ချိန်လုံး တိုက်ခိုက်ခဲ့ကြလေသည်။ အင်္ဂလန်တွင် Henry VII လို ခိုင်မာတောင့်တင်းသည့် ဘုရင်ရှိသော်လည်း စကော့တလန်တွင် သူနှင့်ယှဉ်နိုင်သူတစ်ဦးမှ မရှိခဲ့ချေ။ စကော့တလန်မှာ ဖရိုဖရဲဖြစ်နေပြီး အုပ်ချုပ်မင်းလုပ်နေသူမှာလည်း ကလေးအရွယ်မျှသာရှိလေသည်။

ယင်းအခြေအနေတွင် မေရီဂိုက်စ်က သူမသမီးနောင်ရေးအတွက် စတင်လုပ်ဆောင်တော့၏။ ဂိုက်စ်က မေရီကို ပြင်သစ်သို့ပို့ခဲ့၍ မေရီသည် ပြင်သစ်နိုင်ငံတွင် ကြီးပြင်းခဲ့ရခြင်းဖြစ်၏။ ပို၍ဆိုးသည်မှာ မေရီအား ပြင်သစ် ထီးနန်းဆက်ခံမည့်သူနှင့် စေ့စပ်ပေးလိုက်ခြင်းဖြစ်လေသည်။ ယင်းသို့ မေရီကို ပြင်သစ်နန်းလျာနှင့် စေ့စပ်လိုက်ခြင်းမှာ စကော့တလန်နှင့် ပြင်သစ်ပူးပေါင်း၍ အင်္ဂလန်အား ယှဉ်ပြိုင်နိုင်ရန် ဖြစ်သတည်း။

ထိုစဉ်က စကော့များမှာ အလွန်ရှေးကျ၍ ဂျွန်နောက်စ်နှင့် ပရက် အိုင်စေးရီးယန်းအယူ (John Knox and Presbytarianism)ကို ယုံကြည်နေကြသူများဖြစ်၏။ အကယ်၍ မေရီသာ စကော့တလန်တွင် ကြီးပြင်းလာပါက စကော့များက သူမအား အဲလိဇဘက်ရန်မှ ကာကွယ်ပေးကောင်းပေးမည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် မေရီ ၁၆ နှစ်အရွယ်တွင် ပြင်သစ်နန်းလျာနှင့် လက်ဆက်ခဲ့ရ၍ အသက် ၁၇ နှစ်အရွယ်တွင် မေရီသည် ပြင်သစ်ဘုရင်မဖြစ်လာခဲ့ချေပြီ။ မေရီ၏ မိုက်မဲမှုက အခြေအနေပိုမိုဆိုးဝါးစေ၏။ သူမအလံတွင် သရဖူနှစ်ခုပုံပါ၍ တတိယသရဖူသည် ကျွန်ုပ်ကို စောင့်နေ၏။ (A banner bearing two crowns and the motto the third awaits me) ဟု ကမ္ပည်းထိုးထား၏။ ယင်းစာတန်းကို မေရီကိုယ်တိုင် အလံတော်တွင် ပန်းထိုးရေးခြယ်ထားခဲ့ခြင်း ဖြစ်လေသည်။ သရဖူနှစ်ခုက စကော့တလန်နှင့် ပြင်သစ်နိုင်ငံများအား ရည်ရွယ်၍ တတိယသရဖူက အင်္ဂလိပ်ထီးနန်းကို ရည်ညွှန်းခဲ့ခြင်းဖြစ်တော့၏။ မေရီနှင့် လက်ထပ်ခဲ့သော ပြင်သစ်မင်းလောင်း Frances II မှာ လူမမာဖြစ်၍ မကြာမီ သူကွယ်လွန်ခဲ့၍ မေရီ ၁၈ နှစ်သမီးအရွယ်တွင် မုဆိုးမဖြစ်ခဲ့ရပြန်၏။ ထို့ကြောင့် သူမ ပြင်သစ်ထီးနန်းကို မမျှော်မှန်းနိုင်တော့ဘဲ မေရီ စကော့တလန်သို့ ပြန်လာခဲ့ရလေသည်။

စကော့တလန်သို့ ပြင်သစ်မှ ပြန်လာရန် သဘာဝအကျဆုံး၊ အလွယ်ကူဆုံးလမ်းမှာ အင်္ဂလန်မှ ဖြတ်ပြန်ရန်ဖြစ်၏။ သို့သော် အင်္ဂလိပ်ထီးနန်းကို စိုးစံနေသူမှာ သူမ မေရီ၏ရန်ဖက် အဲလိဇဘက်ဖြစ်နေ၏။ သို့သော် အဲလိဇဘက်က ဒီမလိုမေရီ ပိုမို

www.burmeseclassic.com

ကျွမ်းကျင်သူဖြစ်ပြီး မေရီသည် လိသ်စာချုပ်ကို လိုက်နာပါမည် ဝန်ခံကတိပြုမှ အင်္ဂလန်ကို ဖြတ်သန်းခွင့်ပြုမည်ဟု အကြောင်းပြန်လိုက်၏။ လိသ်စာချုပ် (Treaty of Leith) တွင် မေရီအနေနှင့် အင်္ဂလိပ်ထီးနန်းကို စွန့်လွှတ်ပါမည်ဟု ဝန်ခံကတိပြုထားရ၏။

မေရီက မည်သို့မျှ အဲလိဇဘက်ထံ အကြောင်းမပြန်ဘဲ စကော့တလန်သို့ တိတ်တဆိတ်ပြန်လာ၍ လိသ်တို့ရောက်လာ၏။ သို့သော် မေရီကို စကော့များက ဝမ်းပန်းတသာ မကြိုဆိုကြဘဲ ဘုန်းတော်ကြီး (John Knox) ကလည်း စကော့များက ကက်သလစ်ဘုရင်မကို လက်မခံရန် ဟောပြောစည်းရုံးလျက် ရှိလေသည်။ စကော့မြို့စားကြီးများကလည်း အကွဲကွဲအပြားပြားဖြစ်နေ၍ ပရိုတက်စတင့်များက မေရီကို လုံးဝအယုံအကြည်မရှိဘဲ မေရီသာ အင်္ဂလိပ်ဘုရင်မဖြစ်လာပါက အင်္ဂလန်တစ်ကျွန်းလုံးကို ကက်သလစ်ဘာသာဖြစ်အောင်လုပ်မည်ဟု စိုးရိမ်နေကြ၏။ ကက်သလစ်များက မေရီလုပ်ကြံခံရမည်ကို စိုးရိမ်နေကြလေသည်။

မေရီက ကြားအဖြေရှာရန် ကြိုးစားကြည့်ပါသေး၏။ သူမ၏ အစိုးရအဖွဲ့ (Privy Council) တွင် ကက်သလစ် ပရိုစတက်စတင့်များကိုပါ ခန့်ထား၏။ သို့သော် သူမကိုယ်တိုင် ကက်သလစ်အယူကို မစွန့်

www.burmeseclassic.com

www.burmeseclassic.com

လွှတ်နိုင်ကြောင်း မေရီက အတိအလင်း ကြေညာခဲ့လေသည်။

မေရီသည် လူထုနှင့် ရောကြည့်၏။ ဘုရားများသို့ဝင်၍ လူထုနှင့်ရောနှောကာ အရက်သောက်၏။ သို့သော် ပရိုစတက်တင့်များက သူမကို လုံးဝ မကြည်ညိုကြရာ သူမ နောက်အိမ်ထောင်ပြုရန် ဆုံးဖြတ်ခဲ့လေသည်။ အားကိုးရာခြင်းဖြစ်၏။

မေရီမှာမှာ ရုပ်ရည်ချောမောသူဖြစ်၍ သူမနှင့် လက်ဆက်ချင်သူ အများအပြားရှိ၏။ ဒိန်းမတ်ဘုရင်၊ ဆွီဒင်ဘုရင်၊ အတ်ဂျူချားစ် (Arch duke Charles) နှင့် စပိန်ဘုရင်၏ သားတော် ကာလို (Calors) တို့မှာ မေရီအား မျက်စိကျနေသူများဖြစ်ကြ၏။

မေရီ စကော့ဒီနေမီးယန်း (ဆွီဒင်နှင့် ဒိန်းမတ်) ဘုရင်တစ်ပါးပါးနှင့် လက်ထပ်ဖြစ်ပါက အဲလိဇဘက် အလိုကျပင်ဖြစ်၏။ သို့သော် မေရီ စပိန် ဘုရင့်သားနှင့် လက်ထပ်ခြင်းကို အဲလိဇဘက် မည်သည့်နည်းနှင့်မျှ လက်မခံနိုင်ချေ။ စပိန်မှာ ထိုစဉ်က အင်္ဂလန်ရန်သူဖြစ်နေ၏။ အဲလိဇဘက်က မေရီခင်ပွန်းလောင်းကို သူမစိတ်တိုင်းကျ ရွေးပေးလို၏။ အထူးသဖြင့် အင်္ဂလိပ်ထီးနန်း တောင်းခံသူမဖြစ်ရန်မှာ အဲလိဇဘက် အလိုချင်ဆုံးအချက်ဖြစ်တော့၏။ ထို့ကြောင့် အာရန်မြို့စားကြီး (Earl of Arran) နှင့်လက်ဆက်ရန် မေရီအား အဲလိ

www.burmeseclassic.com

www.burmeseclassic.com

ဘောက်က အကြံပြု၏။ မြို့စားကြီးမှာ ပရိုတက်စတင့် ဝိုဏ်းဝင်တည်း။ သို့သော် အာရန်မြို့စားကြီးမှာ မြစ်မှ တစ်ခုနှင့် နယ်နှင်ခံထားရသူဖြစ်၏။

ထိုအချိန်တွင် မေရီသည် ၂၃ နှစ်ရှိပြီဖြစ်ပြီး ဒန်လေ (Danley) နှင့် တွေ့ဆုံခဲ့၏။ ဒန်လေမှာ ဆွဲဆောင်မှုအားကောင်းသူ ဖြစ်လေသည်။ မေရီထက် သုံးနှစ်ငယ်၏။ သူသည် မိုက်မဲ၍ သူ့ကိုယ်သူ အထင်ကြီးသူလည်း ဖြစ်၏။ မေရီသည် နိုင်ငံရေးအကြောင်းများကြောင့် ဒန်လေကို လက်ထပ်ခဲ့သော်လည်း သူမ တကယ်ချစ်နေသည်မှာ ဘော့သ်ဝဲလ် (Bothwell) လည်း ဖြစ်နေသည်။

မေရီသည် ဒန်လေနှင့် လက်မထပ်မီအထိ စပိန်ထီးနန်းကို မျှော်မှန်း ဆဲဖြစ်၏။ ဒန်လေနှင့် လက်ထပ်ပြီးလျှင်ပြီးခြင်း မေရီ စိတ်ပျက်ခဲ့ရ၏။ ဒန်လေမှာ အပျော်အပါး အလွန်လိုက်စားသူဖြစ်၍ မူးရူးနေပြီး ထီးနန်းအုပ်ချုပ် အုပ်ချုပ်ရမည်ကို လုံးဝစိတ်ဝင်စားသူ မဟုတ်ချေ။

မေရီသည် ရစ်ဇီယို (Rizzio) ဆိုသူကိုလည်း စိတ်ဝင်စား၏။ ရစ်ဇီယိုမှာ အီတလီလူမျိုး ဂီတပညာရှင် ဖြစ်၏။ သို့သော် မကြာမီ ရစ်ဇီယို လုပ်ကြံခံရ၏။ ဒန်လေက မေရီအား ရစ်ဇီယိုနှင့် စွပ်စွဲပြီး မေရီ ဗိုက်ကြီးသော ကာလေးမှာ သူနှင့်ရသည်မဟုတ်ဘဲ ရစ်ဇီယိုနှင့်ရခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်ဟု ဒန်လေက စွပ်စွဲ၏။ ဒန်လေနှင့် မေရီတို့သည် ဒန်ဘာ (Dunbar) သို့ ထွက်ပြေးခဲ့၏။ ဒန်လေမှာ အားကိုးလောက်သူမဟုတ်မှန်း မေရီ သိလာ၏။ မေရီသည် ပရိုတက်စတင့် မြို့စားကြီးများဖြစ်သော (Moray, Bothwell, Argyfle, Huntley, Maitland တို့နှင့် ဆွေးနွေးပြီး သူမ ဒန်လေနှင့် ကွာရှင်းလိုကြောင်း မေရီက ပြောပြ၏။

ဒန်လေက အခြေအနေမကောင်းမှန်းသိ၍ ဂလတ်စ်ဂိုသို့ သူတစ်ဦးတည်း ထွက်ပြေးခဲ့လေသည်။ မေရီဆွေးနွေးခဲ့သော မြို့စားကြီးများအနက် (Bothwell) မှာ ခေါင်းဆောင်ဖြစ်၏။

သူသည် အင်္ဂလန်ကိုမုန်းတီး၍ မည်သည့်အခါကမျှ အင်္ဂလန်နှင့် ဆက်ဆံခဲ့ခြင်းမရှိချေ။ ထိုအချက်များကြောင့် မေရီသည် ဘော့သ်ဝဲလ်နှင့် နီးစပ်လာ၏။ မေရီက ဘော့သ်ဝဲလ်အား ရဲတိုက်တစ်ခုပေး၍ (Castle of Blackness) လီသ်အကြီးအကဲ (Superior of Leith) ခန့်ထားခဲ့၏။ ဘော့သ်ဝဲလ်အား မေရီက ကျောက်သံပတ္တမြားများ သူမခင်ပွန်းဟောင်း ဒန်လေပိုင် အဝတ်အစားများပါပေးခဲ့၏။

သူမသည် ဘော့သ်ဝဲလ်ကိုလည်း မယုံကြည်ချေ။ ဘော့သ်ဝဲလ်က သူမအား သစ္စာဖောက် စွန့်ခွာသွားမည်ထင်နေ၏။ ဘော့သ်ဝဲလ်အား သူမ မည်

www.burmeseclassic.com

www.burmeseclassic.com

ချစ်နှစ်သက်ကြောင်း မေရီက ပြင်သစ်ဘာသာဖြင့် ကဗျာများ ရေးခဲ့သေး၏။

မြို့စားကြီးများက အင်အားစုစည်း၍ မေရီအား ပုန်ကန်ကြ၏။ ဘော့သ်ဝဲလ်က သစ္စာရှိသူများ စုပေါင်း၍ ပြန်လည်ခုခံရာ ကာဘာယ်ရီ တောင်ကုန်း (Carberry Hill)တွင် တိုက်ပွဲဖြစ်ပွား၍ မေရီနှင့် ဘော့သ် ဝဲလ်တို့ ဆုံးရှုံးခဲ့ရ၏။

မေရီလက်နက်ချပြီး ဘော့သ်ဝဲလ်နှင့်ပါ ကွာရှင်းရန် မြို့စားကြီးများက တောင်းဆိုကြ၏။ ဘော့သ် ဝဲလ်က ဒိန်းမတ်သို့ တစ်ဦးတည်းထွက်ပြေးခဲ့၍ မေရီအား မြို့စားကြီးများက အဲဒင်ဘာရာသို့ ဖမ်းဆီးခေါ်ဆောင် ခဲ့ကြ၏။ သူမအား (Locklever)တွင် မြို့စားကြီးများက ချုပ်နှောင်ထားကြ၏။ ထို့နောက် သူမအား အချုပ် တစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ခဲ့ကြ၏။ သူမ အချုပ်မှ လွတ်မြောက် ထွက်ပြေးခဲ့သေး၏။ သို့သော် နန်းလျာ မိုရေ (Regent Moray) တွင် တပ်အလုံအလောက်ရှိ၍ မေရီစကော့တလန်မှ အင်္ဂလန်သို့ပြေး၍ အဲလီဇဘက်ထံ အညွှန့်ခံ ဝင်ရောက်ခဲ့လေသည်။

အဲလီဇဘက်က မေရီအား အချုပ်တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ ချုပ်ထား၏။ နောက်ဆုံးမေရီအား

www.burmeseclassic.com

www.burmeseclassic.com

ရှက်ဖီးရဲတိုက်ကြီး (Sheffield castle) တွင် ချုပ်နှောင်ထားခဲ့၏။ ဒန်လေ လူသတ်မှုတွင် မေရီအပြစ်မရှိပါက ထို့ပြင် သူမသည် အင်္ဂလိပ်ထီးနန်းကို မတောင်းခံပါက ထို့ပြင် ပြင်သစ်နှင့် ဆက်လက် မပေါင်းသင်းဘဲ အင်္ဂလိပ်ဘုရားရှိခိုးကျောင်း (Church of England) အယူ ယူပါက မေရီအား စကော့တလန်ဘုရင်မအဖြစ် ပြန်လည် ခန့်အပ်မည်ဟု အဲလီဇဘက်က အကြောင်းကြားခဲ့၏။

မေရီက လက်မခံဘဲ အဲလီဇဘက်အား ပုန်ကန်မှုများသော တစ်မှုပြီးတစ်မှု ပေါ်ပေါက်ခဲ့၏။ အဲလီဇဘက်က ပုန်ကန်မှုအားလုံးကို နှိမ်နင်းနိုင်ခဲ့ပြီး နောက်ဆုံး မတတ်သာပဲ အဲလီဇဘက်က မေရီအား သေဒဏ်ချမှတ်ခဲ့လေသည်။

မေရီ အသက် ၄၄ နှစ်အရွယ်တွင် ခေါင်းဖြတ်အသတ်ခံခဲ့ရပါကြောင်း တင်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘော်ဇက်နှင့် မဒမ်ဒီဟာန်စကာ
(Balzac & Madame de Hanska)

Honore de Balzac နှင့် မဒမ်ဒီဟာန်စကာတို့ အချစ်ဇာတ်လမ်းကို စာတစ်ကြောင်းတည်းနှင့် ဖော်ပြပါဆိုလျှင် 'သူသည် သူမအား ၁၇ နှစ် ချစ်ကြိုက် ပိုးပမ်းခဲ့ပြီး သူမနှင့်ရပြီး ငါးလမျှအတူနေလိုက်ရ၏' ဖော်ပြနိုင်ပါလိမ့်မည်။

အချစ်ကြီးချစ်ခဲ့သော ဘော်ဇက်မှာ ပြင်သစ်စာရေးဆရာများအနက် အကြီးကျယ်ဆုံး၊ နာမည်အထင်ရှားဆုံးသူဖြစ်၍ ပြင်သစ်စာပေ တည်ရှိနေသရွေ့ ဘော်ဇက်အမည် ထင်ရှားကျော်ကြားနေမည်မှာ အလွန်သေချာပါသည်။

ပြင်သစ်စာပေနယ်၌ နာမည်အကြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com

အကျော်ကြားဆုံးဖြစ်စေကာမူ ဘော်ဇက်ဘဝမှာ အလွမ်းဇာတ်သက်သက်ဖြစ်သည်ဆိုနိုင်၏။ သူသည် စာပေပါရမီရှင်ဖြစ်ပြီး ယင်းကြောင့်ပင်လျှင် သူ့ဘဝမှာ လွမ်းဆွေးဖွယ်အတိ ဖြစ်ခဲ့ရပါသည်။

ဘော်ဇက်ကို ၁၇၉၉ ခုနှစ်တွင်မွေးဖွားခဲ့၍ ၁၈၅၀ ခုနှစ်တွင် သူ ကွယ်လွန်ခဲ့လေသည်။ သူ့ကို သူတို့မိသားစု ကံအဆိုးဆုံးအချိန်တွင် မွေးဖွားခဲ့၍ သူမကွယ်လွန်မီ ပျော်ရွှင်မှုနှင့် တွေ့ကြုံခဲ့ရသည်ဆိုစေကာမူ ကိုယ်ရောစိတ်ပါ အငံပျော်ကြီးပျော်ခဲ့ရသည်မဟုတ်ပါ။ ငြည်းငြည်းချင်း အထိန်းအကွပ်နှင့် ပျော်ရွှင်ရခြင်း (A tardy happiness) ဟုခေါ်ဆိုရမည်ထင်၏။

မဒမ်ဟာန်စကာကို သူ့လက်တွင် ဖမ်းဆုပ်နိုင်သည်မှာ မှန်၏။ သို့သော် အချိန်မရွေး သူ့လက်ခုပ်တွင်းမှ ဖျံသန်းထွက်ခွာသွားနိုင်သော လိပ်ပြာလေးကို ဖမ်းဆုပ်ထားရပုံမျိုးတည်း။

ဘော်လ်ဇက်အား သူ့မိသားစုကံ အဆိုးဆုံးအချိန်တွင် မွေးဖွားခဲ့သည်ဟု ဆိုရခြင်းမှာ သူ့ဖခင်၏ ထူးထူးဆန်းဆန်းလုပ်ရပ်များကြောင့် ဖြစ်လေသည်။ သူ့ဖခင် အသက် ၅၀ အရွယ်ရောက်သောအခါ သူသည် ဘယ်တော့မှ အိမ်ထောင်ပြုတော့မည်မဟုတ်ဟု ဆုံးဖြတ်လိုက်ပြီး သူ့ပိုင်ငွေအားလုံးကို ကော်ပိုရေးရှင်းတစ်ခုသို့ အပ်နှံလိုက်၍ ကော်ပိုရေးရှင်းက သူ့အား

www.burmeseclassic.com

www.burmeseclassic.com

လစဉ်မှန်မှန် ထောက်ပံ့သွားပြီး သူကွယ်လွန်သောအခါ သူပိုင်ငွေအားလုံးကို ကော်ပိုရေးရှင်းက အပိုင်ယူလိုက်ရန်ဖြစ်ပေ၏။ ယင်းသို့ စီစဉ်လိုက်ပြီး နှစ်အနည်းငယ်ကြာသောအခါ ချောမောလှပသော မိန်းကလေးတစ်ဦးနှင့် သူလက်ထပ်ထိမ်းမြားခဲ့ပြီး သားသမီးလေးယောက်ထွန်းကားခဲ့လေသည်။ ဝင်ငွေမှန်မှန် ရရှိနေသော်လည်း သူ့ဘဝမှာ မျှော်မှန်းချက် ကုန်ဆုံးနေသလိုပင်ဖြစ်နေ၏။

ဘော်လ်ဇက်ဖခင်မှာ ဘဝတိုက်ပွဲတွင် အောင်ပန်း ဆွတ်ခူးနိုင်အောင် ကြိုးပမ်းခဲ့သည်ကို မတွေ့ရပါ။ ဘော်လ်ဇက် ငယ်စဉ်မှာပင် မွေးစားမိခင်က သူ့အား ခေါ်ယူကျွေးမွေးထား၍ မွေးစားမိခင်နှင့် ဘော်သ်ဇက်လေးနှစ်အတူ နေခဲ့ရ၏။ ထိုကာလအတွင်း သူ့မိဘအရင်းများနှင့် ဘော်လ်ဇက် လုံးဝ တွေ့ခွင့်မရခဲ့ချေ။

ထို့ကြောင့် ဘော်လ်ဇက်ငယ်စဉ်က မိဘချစ်ခြင်းမခံခဲ့ရဘဲ မကြာမီ မွေးစားမိခင်က စည်းကမ်းကြီးလှသော (Oratorian School at vendane) သို့ ဘော်လ်ဇက်အား ကျောင်းအိပ်ကျောင်းစား ပို့ထားလိုက်၏။ ကျောင်းတွင်နေခဲ့ရသည့် ၆ နှစ်အတွင်း ဘော်လ်ဇက်သည် တစ်ချိန်လုံး စာသာကြိုးစား သင်အံနေရ၍ ကျောင်းပိတ်ရက် အားလပ်ရက်ဟူ၍ လုံးဝမရရှိခဲ့ချေ။

ယင်းကျောင်းတွင် ဘော်လ်ဇက်သည် ကြာခဏ ဆရာများ ရိုက်နှက်ခြင်းခံခဲ့ရ၍ ကိုယ်ဒဏ်ရာများဖွာ

www.burmeseclassic.com

www.burmeseclassic.com

၆ ပေပတ်လည်အခန်းကျဉ်းတွင် လှောင်ပိတ်ဒဏ် ပေးခြင်းခံခဲ့ရလေသည်။ ယင်းအတွေ့အကြုံများကို ဘော်လ်ဇက် စောစောပိုင်း ရေးခဲ့သော Louis hambert ဝတ္ထုများတွင် တွေ့နိုင်၏။ ကျောင်းတွင် ဘော်လ်ဇက် အကြီးအကျယ်ဖျားနာခဲ့၍ သူ့ကျောင်းတွင် သေဆုံးမည် စိုးရိမ်ပြီး ဆရာများက ဘော်လ်ဇက်အား သူ့နေအိမ်သို့ ပြန်ပို့လိုက်ကြ၏။

တော်ရုံတန်ရုံ သူတစ်ဦးသည် ငယ်စဉ်က ဤမျှအနှိပ်စက်ခံရလျှင် ဦးကျိုးသွား၍ ပြန်နာလန် ထူလာနိုင်စရာ အကြောင်းမရှိချေ။ သို့သော် ဘော်လ်ဇက်မှာ စိတ်ဓာတ်အလွန်ကြံ့ခိုင်သူဖြစ်၍ ဉာဏ်ရည် လည်း အလွန်ထက်မြက်သူဖြစ်ရကား သူ့ဘယ်မှာနေနေ အချိန်ရတိုင်း စာဖတ်၍သာနေခဲ့၏။

သူ့ဆရာဖြစ်သူ Lepitre သွန်သင်မှုများကြောင့် ဘော်လ်ဇက်သည် ဘုရင့်ဘက်တော်သားတစ်ဦး (A Royalist) ဖြစ်လာခဲ့၏။ ပြင်သစ်နိုင်ငံအား (Louis XVIII) စိုးစံစဉ် ဖြစ်လေသည်။

ထို့ကြောင့် ဘော်လ်ဇက်သည် မူးမတ်မျိုးနွယ် ဘက်တော်သားဖြစ်လာပြီး (an aristorratic type) မျိုး ကြီးဆွေကြီး အမျိုးသမီးများ၊ (Women of noble birth) အား အထင်ကြီးသူဖြစ်ခဲ့ရ၏။ နပိုလီယံ ကျဆုံးပြီး နှစ်အနည်းငယ် အကြာတွင်ဖြစ်၍ ဥရောပအား မှုန်ဖြတ်

www.burmeseclassic.com

www.burmeseclassic.com

သော မဟာမိတ်အဖွဲ့ (Holy Alliance) က ကြီးစိုးနေချိန် ဖြစ်ပေသည်။ ယင်းအဖွဲ့က ဘုရင်စနစ်နှင့် ဘာသာရေး ကိုင်းရှိုင်းမှုကို အားပေး၏။ ဥရောပတစ်ခွင်လုံး စစ်ကို ငြီးငွေ့ စိတ်ကုန်နေချိန် ဖြစ်လေသည်။ ဘောဇက်သည် စာပေဝါသနာပါ၍ အမြဲစာဖတ်နေသူဖြစ်သော်လည်း သူ့မိဘများက ဘောလ်ဇက်စာပေလိုက်စားခြင်းကို အား မပေးခဲ့ချေ။ သူ့အား ဥပဒေပညာရှင်တစ်ဦးထံ အပ်နှံ၍ ဘောလ်ဇက် ဥပဒေပညာရှင် ဖြစ်လာစေရန် မိဘက လိုလားခဲ့လေသည်။

သို့သော် ဘောလ်ဇက်သည် ဥပဒေကို ဝါသနာပါသူမဟုတ်ချေ။ သူသည် စိတ်ကူးစာပေ (Imagination) ဖြန့်ကြက်၍ လုပ်ရသည့် စာပေအလုပ်မျိုးကိုသာ စိတ်ပါဝင်စားသူဖြစ်လေသည်။ သူ့ဖခင်က ဘောလ်ဇက် ဝါသနာပါ သည်ကိုလုပ်စေရန် ခွင့်ပြုဖို့ ဝန်မလေးသော်လည်း မိခင်က ဘောလ်ဇက် စာပေ လိုက်စားသည်ကို လုံးဝအားမပေးခဲ့ချေ။ သူ့မ ဘောလ်ဇက်အား တစ်ချိန်လုံး သွန်သင်ခဲ့သည်မှာ ဆရာမိဘကို နာခံရေး (Obedience)၊ စနစ်တကျ နေထိုင်ရေး (Order) နှင့် ခြိုးခြံနေထိုင်ရေး (Thrift) တို့ဖြစ်၏။ ဘောလ်ဇက်နှင့် တစ်စိတ်တည်း တစ်ဝမ်းတည်းမှာ သူ့အစ်မ (Laure) ဖြစ်ပြီး သူမနှင့် ဘောလ်ဇက်တို့သည် ဘဝတစ်လျှောက်လုံး တိုင်ပင်ဖော်တိုင်ပင်ဖက်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့လေသည်။

ဘော်လ်ဇက်အား မိဘများက ပါရီတွင် သီးသန့်အခန်းတော့ ငှားပေးပါ၏။ အိမ်ခေါင်မိုးနှင့် ကပ်လျက် အခန်းကျဉ်းလေး (Garette) ဖြစ်၍ အခန်းကျဉ်းဝယ် အိပ်ရာစားပွဲနှင့် ကုလားထိုင်နှစ်လုံးသာ ထားပေး၏။

ထိုအချိန်တွင် ဘော်လ်ဇက်သည် (Cromwell) အမည်ရှိ ပြဇာတ်တစ်ခု ရေးခဲ့၍ ယင်းပြဇာတ် လုံးဝမအောင်မြင်ဘဲ ဝတ္ထုအချို့ကိုလည်း ဘော်ဇက် စတင်ရေးသားခဲ့၏။ သို့သော် ဘယ်ဝတ္ထုမှ အဆုံးမသတ်ခဲ့ချေ။

မိဘများက ဘော်လ်ဇက်အား ပါရီမှ သူတို့နေထိုင်ရာ (Villeparisis) မြို့ငယ်လေးသို့ ပြန်ခေါ်ထား၏။ ဘော်လ်ဇက်သည် အချိန်ရှိသရွေ့ စာရေး စာဖတ်၍သာနေပြီး ယင်းအချိန်အတွင်း သူအချစ်ဝတ္ထုများ (Romantic Novels) စတင်ရေးသားခဲ့၏။ သုံးနှစ်တာအတွင်း ဝတ္ထုရှည် သုံးဆယ့်တစ်ပုဒ် ရေးနိုင်ခဲ့လေသည်။

သူငယ်ချင်းတစ်ဦး အကူအညီနှင့် ဘော်လ်ဇက် ပုံနှိပ်ထုတ်ဝေရေး စတင်လုပ်ဆောင်၏။ သူ့ဝတ္ထုများ ပုံနှိပ်ရောင်းချရာ တစ်ပုဒ်က ဖရန့် ၈၀၀ ရပြီး နောက်တစ်ပုဒ်က ၁၃၂၅ သာရလေသည်။ ယင်းကာလအတွင်း ဘော်လ်ဇက်သည် နေ့စဉ်တစ်နေ့ ၁၅ နာရီ

www.burmeseclassic.com

အလုပ်လုပ်ခဲ့၏။ လုံးဝအောင်မြင်ခြင်း မရှိဘဲ နှစ်ကုန်ဆုံး၍ နှစ်ချုပ်စာရင်းလုပ်သောအခါ ဘော်လ်ဇက် ဖရန့် ၁၅၀၀၀ ဆုံးရှုံးနေ၏။

သူ့ဖခင်က ဖရန့် ၃၀၀၀၀ ထုတ်ပေးခဲ့၍ သူပုံနှိပ်ထုတ်ဝေခွင့် လိုင်စင်အတွက် ၁၅၀၀၀ ဖရန့် တင်သွင်း၍ စက္ကူပုံနှိပ်ပစ္စည်းဝယ်သည်က ၁၅၀၀၀ ကုန်သွား၏။ သူ့နဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးအား ဖရန့် ၁၂၀၀၀ ထုတ်ပေးခဲ့ရ၏။ ဘော်လ်ဇက်သည် ပုံနှိပ်စက် (Type Funndry) တစ်လုံးဝယ်ယူခဲ့ပြီး သူ့လုပ်ငန်းမှာ အကြွေးပတ်လည်ဝိုင်းနေ၏။ ပုံနှိပ်လုပ်ငန်းလည်း မအောင်မြင်၍ ဘော်လ်ဇက်သည် ပုံနှိပ်စက်ကို ရောင်းပစ်ရ၏။ ထို့ကြောင့် ဘော်လ်ဇက် အသက် ၂၈ နှစ် အရွယ်တွင် နှစ်စဉ် သူ့ဝင်ငွေထက် ထွက်ငွေက အဆ ၄၀ များပြားနေ၏။

ဘော်လ်ဇက်၏ အစောဆုံးစာပေ အောင်မြင်မှုမှာ La Phsiologie du Mariage ဝတ္ထုရှည်ကြီးဖြစ်၏။ ဗစ်တိုရီးယားရာစုနှစ် (Victorian Century) တွင် ချစ်ခန်း ကြိုက်ခန်း ဖောဖောသီသီထည့်ရေး၍ အောင်မြင်သည် ယူဆရ၏။

ထို့နောက် Jcenes of Private Life နှင့် Jcenes of Public Life နှစ်တွဲကို La Comedie Humaine အမည်ဖြင့် ထုတ်ဝေခဲ့ရာ အောင်မြင်မှုရခဲ့ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

ဘော်လ်ဇက်ဝတ္ထုများအနက် အထင်ရှားဆုံးမှာ Le Pere Goriol, Engerie Grandet နှင့် La Cousine Bette တို့ဖြစ်လေသည်။ တောလက်ကျေးရွာ သဘာဝကို အပေါ်လွင်ဆုံး ထင်ဟပ်သော ဝတ္ထုများတည်း။ သာမန်တောသူ တောင်သားသဘာဝကို အပီပြင်ဆုံး ရေးသားဖော်ကျူးထား၏။

Le Pere Goriol မှာ ခေတ်သစ်လီယာဘုရင်ကြီး (King Lear) အတ္ထုပ္ပတ္တိဖြစ်၍ ဖခင်ကြီး ဆင်းဆင်းရဲရဲ သေဆုံးရစဉ် သမီးမိုက်များက ဝတ်စားသုံးဖွဲ့ မော်ကြွားနေကြပုံ အလွမ်းဇာတ်လမ်းဖြစ်၏။

ပါရီအခြေပြုဝတ္ထုများက ဘော်လ်ဇက် အခြားသွင်ပြင်တစ်ရပ်ကို ဖော်ကျူး၏။ ပျော်ပျော်ပါးပါး မော်မော်ကြွားကြွား ရေပေါ်ဆီ လူတန်းစားများ ဘဝကို ဖော်ကျူးသောဝတ္ထုများတည်း။

၁၈၄၀ ခုနှစ်များမှာ အင်္ဂလန်၊ ပြင်သစ်၊ အမေရိကန်နိုင်ငံကြီးများ၌ စက်မှုထွန်းကားပြီး ကြွယ်ဝချမ်းသာသောနှစ်များဖြစ်၏။ ဘော်လ်ဇက်သည် ပါရီအနီး အိမ်ငယ်လေးတွင် နေ့စဉ် ၁၅ နာရီအလုပ်လုပ်ပြီး စာပေများ ရေးသားပြုစုခဲ့လေသည်။ နေ့စဉ် တစ်နေ့ကို လေးငါးနာရီသာအိပ်ပြီး အလုပ်လုပ်ခဲ့ခြင်းဖြစ်၏။ အိပ်ချင်လျှင် ကော်ဖီအမည်းသောက်၍ အလုပ်လုပ်ခဲ့၏။

နှစ်စဉ် ဝတ္ထုရှည်ပြခတ် ၆ ပုဒ်၊ ၇ ပုဒ်အခြား

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတိုပေါင်းများစွာ ဆောင်းပါးပေါင်းများစွာ ရေးသားပြုစုခဲ့ခြင်း ဖြစ်လေသည်။ ဘော်လ်ဇက်သည် စာပေအပြင် အခြားလုပ်ငန်းများ လုပ်ကိုင်ခဲ့သေး၏။ ဆာဒီနီးယားရှိ ခဲနှင့် ငွေသတ္တုမိုင်းများတွင် အစုရှယ်ယာဝယ်ပြီး လုပ်ကိုင်ခဲ့သေး၏။ နိုင်ငံရေးလည်း လုပ်လို၍ သုံးကြိမ်တိုင် အမတ်ရွေးချယ်ပွဲတွင် ဝင်ရောက် ဆင်နွှဲခဲ့၏။ Academie Francaise လွှတ်တော်အမတ်ဖြစ်ရန် ကြိုးပမ်းခဲ့ခြင်းတည်း။

အမျိုးသမီး အများအပြားကိုလည်း ဘော်လ်ဇက်စိတ်ဝင်စားခဲ့လေသည်။ ပထမဦးဆုံး အမျိုးသမီးမှာ သူ့ထက် ၂၂ နှစ်ကြီးသည့် Madame de Bernys ဖြစ်၏။ သူ့မိခင်ထံမှ မရခဲ့သည့် ချစ်မေတ္တာကို မဒမက်ဘာနေစ်က ဘောလ်ဇက်အား ပေးနိုင်ခဲ့လေသည်။

သူ့မအပြင် Dechesse d' Abrantes, Madame de Castries တို့ရှိသေး၏။ Madame Visconti နှင့် ရွှေလက်တွဲ၍ ဘောလ်ဇက် မကြာခဏ ခရီးထွက်ခဲ့၏။ Madame de Hanska ကိုမူ ဘော်လ်ဇက် အစွဲလမ်းဆုံးဟု ယူဆရ၏။

ထိုခေတ်က နာမည်ကြီး စာရေးဆရာ၊ ပြဇာတ်ရေးဆရာများဖြစ်သည့် George Sand, Victor Hugo, Theophile Gortier မှာ ဘော်လ်ဇက်၏ ရောင်းရင်းများတည်း။ သူ့အစွဲလမ်းဆုံးမှာ Madame de Hanska

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ သူမထံ ဘောလ်ဇက် ရေးသားခဲ့သည့်စာများမှ သူ့ဘဝဇာတ်ကြောင်း အတော်များများ သိကြရ၍ ကြေကွဲဖွယ်ဇာတ်လမ်းများတည်း။ သူသည် အကြီးအကျယ် ဘိုင်ကျနေ၍ တစ်ခါတစ်ရံ တံဆိပ်ခေါင်းဖိုးပင် မတတ်နိုင်၍ မဒမ်ဟာန်စကာထံ ဘောလ်ဇက် စာမထည့်နိုင်ကြောင်းသိကြရ၏။

မဒမ်ဒီဟာန်စကာ ဘောလ်ဇက်ဘဝထဲသို့ ၁၈၃၀ ခုနှစ်တွင် ဝင်ရောက် လာခြင်းဖြစ်၏။ သူ့အချစ်ဝတ္ထုများကို သူမ ဖတ်ရကြောင်း၊ ယူကရိန်းရဲတိုက်ကြီးတွင် သူမ ပျင်းရိစွာနေထိုင်ရစဉ် ဘောလ်ဇက် အချစ်ဝတ္ထုများကြောင့် သူမဘဝ စိုပြည်သာယာလာရကြောင်း ဟာန်စကာက ဘောလ်ဇက်ထံ စာရေးသားပေးပို့ခဲ့လေသည်။ ဘောလ်ဇက်အနေဖြင့် ယင်းသို့စာဖတ်ပရိသတ်က သူ့ထံ ရေးသည့်စာများ အထူးသဖြင့် အမျိုးသမီးများထံမှ စာအမြောက်အမြား ရရှိခဲ့ရာ အခြားအမျိုးသမီးများ စာများကို သူ့လက်ထောက်များနှင့် သူ့နှမတို့အား ပြန်ကြားစာ ရေးသားစေခဲ့၏။

သို့သော် မဒမ်ဟာန်စကာ၏ ခင်ပွန်းမှာ ယူကရိန်းတွင် ရဲတိုက်ကြီးတစ်ခု ပိုင်ဆိုင်ထားသူ မြို့စားကြီးဖြစ်ခြင်းကြောင့် မဒမ်ဟာန်စကာစာကို ဘောလ်ဇက်က တန်ဖိုးထားခဲ့၏။ အီဗာဟာန်စကာ (Eva Hanska)မှာ ထင်ရှားသည့် ပိုလန်မြို့စားကြီးတစ်ဦးသမီး

www.burmeseclassic.com

ဖြစ်၍ ၁၈၀၅ ခုနှစ်တွင် မွေးဖွားသူဖြစ်၍ အသက် ငယ်ရွယ်စဉ်မှာပင် သူမထက် ၂၅ နှစ်ကြီးမားသော ဟန်စကာမြို့စားကြီးနှင့် လက်ထပ်ခဲ့ရခြင်းဖြစ်၏။ သားသမီး ငါးဦးထွန်းကားခဲ့ပြီး လေးဦးသေဆုံးခဲ့၍ သမီးဖြစ်သူ (Countess Anna)သာ ကျန်ရစ်ခဲ့၏၊

အင်နာမှာ ဉာဏ်ကောင်းသူဖြစ်၍ ဘာသာ စကား များစွာပြောဆို ရေးသားနိုင်သူဖြစ်၏။ သူမ ရုရှားတွင်နေထိုင်ခဲ့ပြီး ရုရှားမှာ ထိုစဉ်က အလွန် ခေတ် စားကျော်ကြားခဲ့၏။ မဒမ်ဟန်စကာနှင့် ဘောလ်ဇက်တို့ စာအပြန်အလှန် ရေးသားခဲ့ကြသည်မှာ ၁၈၃၁ ခုနှစ်မှ ၁၈၄၉ နှစ်အထိ ၁၈ နှစ်တိုင်တိုင် ဖြစ်လေသည်။ ၁၈၄၉ ခုနှစ်တွင် သူတို့နှစ်ဦး လက်ထပ်ခဲ့ကြလေသည်။

ဘောလ်ဇက်မဒမ်ဟန်စကာထံ ရေးသား ပေး ပို့ခဲ့သည့် အချစ်သဝဏ်လွှာများကို Letters a I estragere ခေါင်းစဉ်အောက်၌ စုစည်းထားရှိ၍ အခြား နာမည်ကြီး ပုဂ္ဂိုလ်အားလုံးထက် ဘော်လ်ဇက် မဒမ်ဟန်စကာ စာများက ပိုမို အသက်ဝင် လှုပ်ရှားနေ၏။ မရိုသတ်ကို အဆွဲဆောင်နိုင်ဆုံး ချစ်သဝဏ်လွှာများတည်း။ ဘော်လ် ဇက်စာများမှ သူ့အချစ်ဇာတ်လမ်းအပြင် ဘော်လ်ဇက် ဘဝဇာတ်ကြောင်းအတော်များများကို သိခွင့်ရခဲ့၏။

ပုံစံအားဖြင့် ၁၈၃၃ ခုနှစ်က ဘော်လ်ဇက်က မဒမ်ဟန်စကာအား ဤသို့ရေးသားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

"သင်ဟာ သင့်နိုင်ငံ၏ အရေးအကြီးဆုံး အရည်အချင်းသုံးရပ်စလုံးနှင့် ပြည့်စုံသူဖြစ်၏။ ယင်းတို့မှာ ကဗျာကို ချစ်မြတ်နိုးခြင်း၊ ဂီတကို ချစ်မြတ်နိုးခြင်းနှင့် ဘုရားသခင်ကို ကြည်ညိုလေးစားမှုများ ဖြစ်ကြောင်း။ ထို့ကြောင့် မဒမ်ဟာန်စကာဟာ သူ့မနိုင်ငံကို ကိုယ်စားပြုသူဖြစ်ကြောင်း ဘော်လ်ဇက်က ရေးခဲ့၏။

နောက် နှစ်အနည်းငယ် ကြာသောအခါ ဘော်လ်ဇက်က မဒမ်ဟာန်စကာ ထံသို့ ဤသို့ရေးခဲ့၏။

"အချစ်ရေ၊ မင်းကို ကိုယ်သိပ်ချစ်မိနေပြီ။ ကိုယ်ရဲ့ နုံချာနိမ့်ကျတဲ့ ဘဝဟာ ဒီအချစ်စိတ်ကြောင့် ပြန်လည်နုပျိုရှင်သန်းလာတယ်ထင်ရတယ်"

ယင်းစာနှင့်အတူ ဘော်လ်ဇက်က မဒမ်ဟာန်စကာထံ သူရေးသည့် ဝတ္ထုသုံးလေးအုပ်ပါ ပို့ပေးခဲ့၏။ ထို့ပြင် ယင်းစာအုပ်များကို မဒမ်ဖတ်ပြီး ဘယ်လိုထင်ကြောင်း သုံးသပ်ချက်ရေးသားပေးပါရန် ဘော်လ်ဇက်က ပန်ကြားထားလေသည်။

မဒမ်ဟာန်စကာ ပြန်စာမှာ ဝင့်ဝါမောက်ကြွားမှုနှင့် နိမ့်ကျမှု ထူးဆန်းစွာ ရောယှက်ပါဝင်နေ၏။

ဘော်လ်ဇက်က ဤသို့ ဆက်ရေးခဲ့၏။

"ငါ့ တတိယဆောင်းပါးကို Review de Paris အာဘောင်က တစ်ပတ်တိတိ အချိန်ဆွဲပြီး စာမပြန်ခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် ဘော်လ်ဇက်ထံ၌ မဒမ်ဟာန်စကာ၏စာတစ်ပုံ ရှိနေပြီဖြစ်၏။ သို့သော် ဘော်လ်ဇက်က စာတစ်ပုံနှင့် မကျေနပ်၊ မဒမ်ကို လူချင်းသိပ်တွေ့ချင်နေ၏။

မဒမ်ဟာန်စကာက ဘော်လ်ဇက်စာပေကို စိတ်ဝင်စားသော်လည်း ဘော်လ်ဇက်ကို ဘယ်လိုမှ ချစ်လို့မရချေ။ ဘော်လ်ဇက်နှင့် မဒမ်ဟာန်စကာ ပထမဆုံးအကြိမ် Neufchatel တွင် တွေ့ဆုံခဲ့ကြ၏။

ယင်းသို့ လူချင်း ပထမဆုံးအကြိမ် တွေ့ဆုံကြပြီး ဘော်လ်ဇက်သည် မဒမ်ဟာန်စကာအား ပိုပြီး စွဲလမ်းသွား၏။ ထို့ကြောင့် မဒမ်ထံ ဤသို့စာရေးခဲ့၏။

"မင်း တနင်္ဂနွေနေ့ (သူတို့တွေ့ဆုံခဲ့သည့်နေ့) တုန်းက အရမ်းကို လှနေတာပဲ။ မင်းပုံလေးဟာ ကိုယ့်မျက်စိထဲက မထွက်တော့ဘူး။ ကိုယ့်ဇနီး လေးရယ်၊ ကိုယ် မင်းအပေါ်ထားတဲ့ချစ်စိတ်တွေဟာ ထုထည်ပိုပိုကြီးကြီးမားလို့သာ လာပါတယ်။ ငါ့အချစ်စိတ်တွေကို စာနဲ့ရေးပြီး လုံလောက်အောင် မဖော်ပြနိုင်ပါဘူး။ ဒီချစ်စိတ်ကို ဘာကမှ ပြောင်းလဲမပစ်နိုင်ပါဘူး။ ငါ့အချစ်က အချစ်စစ်မို့ အချစ်စစ်ဟာ တဖြည်းဖြည်း ပိုပြီးတော့သာ ကြီးမားလာပါတယ်။ နှလုံးသားထဲမှာ အချစ်စစ် အမြစ်တွယ်မိပြီဆိုရင် ဒီအချစ်ပင်ငယ်က တဖြည်းဖြည်း ပိုမိုကြီးမားရှင်သန်လာပြီး အကိုင်းအခက်

www.burmeseclassic.com

www.burmeseclassic.com

တွေနဲ့ ဝေဝေဆာဆာဖြစ်လာမှာ သဘာဝပါပဲ။ မင်းဟာ ကိုယ့်ခွန်အားပါပဲ။ ကိုယ်တို့ နှစ်ကိုယ့်တစ်စိတ်နဲ့ မူး မေပါင်းရှင်သန်ကြပါစို့"

ထို့ပြင် Neufchatel ကို သူတို့ အချစ်ဗိမာန်ကြီး အဖြစ် ယူဆထားပြီး အချစ်ဗိမာန်ကြီးတွင် မကြာခဏ ပြန်လည်ဆုံတွေ့ကြဖို့ ဘော်လ်ဇက်က ပန်ကြားထား၏။

ဘော်လ်ဇက်သည် မဒမ်ဟန်စကာရှိရာသို့ လိုက်သွားရာ လမ်းစရိတ် ၁၅၀၀၀ ဖရန့်ကုန်ကျ၏။ ယင်းငွေကို သူဘယ်လိုရှာသည် ကျွန်ုပ်တို့ မသိရချေ။ ချေးငှားသွားသည် ယူဆရ၏။ သို့မဟုတ် သူ့စာမူများ ကို မတန်တဆ လျှော့ဈေးနှင့် ရောင်းချသွားခြင်းလည်း ဖြစ်နိုင်၏။ ဘော်လ်ဇက် ဆာဒီနီးယားခဲနှင့် ငွေမိုင်းများ သို့ နောက်တစ်ခေါက် သွားခဲ့သေး၏။

၁၈၄၂ ခုနှစ်၌ ဘော်လ်ဇက် ၄၃ နှစ်အရွယ် တွင် မဒမ်ဟန်စကာ ကွယ်လွန်ခဲ့လေသည်။

၁၈၅၀ ခုနှစ်၊ ဩဂုတ်လထဲ၌ ဘော်လ်ဇက် အကြီးအကျယ် မမာနေ၍ ဗစ်တာဟူဂို ဘော်လ်ဇက် အား လာရောက်တွေ့ဆုံခဲ့သေး၏။ သူတို့နှစ်ဦး နောက် ဆုံးတွေ့ဆုံကြခြင်းတည်း။

မကြာမီ ဘော်လ်ဇက် ကွယ်လွန်ခဲ့ပြီး သူမ ဒမ်ဟန်စကာထံ ပေးပို့ခဲ့ သည့်စာများကို နေရာအနှံ့

www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြရ၏။ အချို့မှာ ဖိနပ်ချုပ်သမားတဲတွင် ရှိပြီး အချို့ကို ဟင်းသီးဟင်းရွက် သစ်သီးဆိုင်များတွင် တွေ့ကြရ၏။ ဟင်းသီး ဟင်းရွက်နဲ့ သစ်သီးထုပ်ပိုးရန် ဖြစ်လေသည်။

ထို့ကြောင့် ဘော်လ်ဇက်ဘဝမှာ ကြေကွဲဖွယ် ဇာတ်လမ်းတစ်ပုဒ်သာဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဟာကက်သရိုင်းဘုရင်မကြီး
(CATHERINE THE GREAT)

ကက်သရိုင်းအမည်နောက်က မဟာထည့်ခေါ်ခေါ်ခြင်းကို အချို့သမိုင်း ဆရာများက သဘောမတူကြချေ။ မဟာထည့်ခေါ်ထိုက်သူများမှာ သူတို့ နန်းသက်အတွင်း တိုးတက်ပြောင်းလဲမှု ကြီးကြီးကျယ်ကျယ်ဖြစ်ရမည်။ သူ့လူမျိုး ကံကြမ္မာကို ပြောင်းလဲနိုင်သူ ဖြစ်ရမည်။

ကက်သရိုင်းမှာ စစ်တိုက်ဝါသနာပါ၍ သူမ အုပ်ချုပ်သည့် ရုရှားနယ်နိမိတ်ကို ချဲ့ထွင်သည်မှာ မှန်၏။ သူမ အရင်က နာမည်ကြီးစစ်ဘုရင် အများအပြားပေါ်ပေါက်ခဲ့ဖူးပြီ။ ဂျင်ဂစ်ခန်၊ တင်ဘာလိန်း၊ မဂိုဘုရင်ရှာမမှ စီဇာ၊ နပိုလီယံ ဘိုနာပတ်။ သို့သော် သူတို့

www.burmeseclassic.com

www.burmeseclassic.com

ချဲ့ထွင်ခဲ့သည့် နယ်နိမိတ်များမှာ ကြာရှည်မခံဘဲ မကြာမတင် ဒုံရင်းသို့ ပြန်ဆိုက်ခဲ့ရ၏။ အမှန်မှာ အောင်နိုင်ခြင်းမှာ အဓိပ္ပာယ်မရှိဘဲ ခိုင်မာစည်းလုံးခြင်းကသာ ကြံ့ခိုင်နက်နဲ၏။ (Conquest & is nothing; Corroli-datcon is everything)

ယင်းအမြင်နှင့်ကြည့်လျှင် ကက်သရိုင်းအမည်ရှေ့တွင် မဟာဝိသေသ မထည့်ထိုက်ချေ။

နပိုလီယံ ကြီးကျယ်သည်မှာ အမှန်ဖြစ်၏။ သူတီထွင်ခဲ့သည့် (Institution) များ၊ စစ်ထဲမဝင်မနေရစနစ် တီထွင်ခဲ့ခြင်း၊ နိုင်ငံတော်က ဇာတ်ရုံများ (State Theatres) နှင့် ကိုဒ်ဥပဒေပြုစုခဲ့ခြင်း (Codified Law) မှာ နပိုလီယံ အမွေအနှစ်များ ဖြစ်ပါသည်။ မဟာဖရက်ဒရစ်ဘုရင်ကြီး (Frederick the Great) မှာလည်း ဖရိုဖရဲ အကွဲကွဲအပြားပြား ဖြစ်နေသော ပြည်နယ်များကို စုပေါင်း၍ ပရပ်ရှားနိုင်ငံတော် တည်ထောင်ခဲ့ခြင်းကြောင့် သူ့အမည်တွင် မဟာတပ်ခေါ်ခြင်းမှာ သင့်မြတ်ပါသည်။ ဘစ္စမက် (Bismarck) မှာ ပို၍ပင် ကြီးမြတ်သူဖြစ်၏။ အစိတ်စိတ်အမြွှာမြွှာဖြစ်နေသော ဂျာမန်မျိုးနွယ်စုများအား စုပေါင်း၍ ဂျာမနီနိုင်ငံ ထူထောင်ခဲ့၍ဖြစ်လေသည်။ ရေကြောင်းပြ ဟင်နရီ (Henry the Navigator) မှာလည်း ပေါ်တူဂယ် (Portugal) နိုင်ငံငယ်လေး၏ အင်ပိုင်ယာ ထူထောင်ပေးခဲ့သူဖြစ်၍ ထင်ပေါ်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ကြားသူဖြစ်၏။ အင်္ဂလန်မှ အဲလိဇဘက် ဘုရင်မကြီး (Elizabeth of England) မှာလည်း ဗြိတိသျှ ရေတပ်က ဝင်လယ်ကို စိုးမိုးစေသည့်အပြင် အင်ပိုင်ယာတစ်ခု ထူထောင်နိုင်ခဲ့သူဖြစ်ပါသည်။

ယင်းအမြင်နဲ့ ကြည့်လျှင်လည်း ကက်သရိုင်းမှာ ကြီးကျယ်ခြင်း မရှိချေ။ ကက်သရိုင်းမှာ သူ့ခေတ်က မွေးထုတ်ခဲ့သူတစ်ဦးသာဖြစ်၏။ (Catherine is a creature of La Period) ကက်သရိုင်းကို ၁၇၂၉ ခုနှစ်တွင် မွေးဖွားခဲ့၍ ၁၇၉၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သူဖြစ်ရာ သူမသည် ၁၈ ရာစုနှစ် အတော်များများကို ကျော်ဖြတ်ခဲ့သူဖြစ်၏။ ယင်းရာစုနှစ်မှာ စိတ်ခံစားရေးရာ ဖွံ့ဖြိုးတိုးတက်မှု (Mental excitement)၊ လူထုအုံကြွလာမှု (Popular Upheaval)၊ မယုံမကြည်ဖြစ်မှု (Cynicism)နှင့် နိုင်ငံသစ်ထူထောင်မှု (Nation Building) များကြောင့် ထင်ရှား၏။

ကယ်သရိုင်းကို နှစ် ၁၀၀ လောက် စောမွေးလျှင် သူမဘဝမှာ ထူးခြားမှုမရှိဘဲ နောက်နှစ် ၁၀၀ လောက် နောက်ကျမှမွေးလျှင် သူမ မည်သို့ ကြီးမြင့်လာမည်ကို ကြိုတင်ခန့်မှန်းရန် ခက်ခဲသော်လည်း သူမ အမှန်တကယ် ကြီးမြင့်ခဲ့သလို ကြီးကျယ်မလာမည်မှာ သေချာသလောက်ရှိပါသည်။

အမှန်မှာ ကက်သရိုင်းသည် ရုရှားထီးနန်း

www.burmeseclassic.com

www.burmeseclassic.com

ဆက်ခံခွင့်ရှိသူ မဟုတ်ချေ။ သူမ လက်ထပ်လိုက်ခြင်းကြောင့် ယင်းအခွင့်အရေး ရရှိလာခြင်းဖြစ်၏။ မဟာပီတာဘုရင်ကြီး (Peter The Great) ကို ဆက်ခံသူ အခြားဘုရင်များမှာ လူထုအော့ကြောလန့်များ ဖြစ်သောကြောင့် ကက်သရိုင်း သမိုင်းတွင် ပိုမိုထင်ရှား လာရခြင်း ဖြစ်လေသည်။

ပထမမြောက် ကက်သရိုင်း၊ အဲင်း (Anne) အဲလီဇဘက်ဘုရင်မ သုံးဦးစလုံးသည် သမိုင်းတွင် ပရမ်းပတာ အမွေများသာ ပေးခဲ့ကြ၏။ သူတို့ သုံးဦးစလုံးသည် နှစ်ပေါင်း ၅၀ မျှ ယောှယော့ရမ်းရမ်းနေထိုင်ရင်း တစ်ချိန်တည်းတွင် ရာဇပလ္လင်ပေါ်တွင် တက်ထိုင်ခဲ့ကြ၏။ သူတို့သုံးဦးစလုံးသည် သမိုင်းတွင်ကြာရှည်ခံသည့် ကောင်းကျိုးတစ်ခုမှ ချန်ထားနိုင်ခဲ့ခြင်း မရှိချေ။

ရုရှားဘုရင်များအနက် ပီတာမှာ အခြားသူများနှင့်မတူဘဲ တစ်ဘာသာ ဖြစ်နေ၏။ သူသည် ဆွီဒင်နှင့် အခြားအိမ်နီးချင်းနိုင်ငံများကို စစ်ပြုရုံသာ မဟုတ်ဘဲ သူ့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကြီးတစ်ခု ဖြစ်လာအောင် ပြုစုပျိုးထောင်လိုသူ ဖြစ်လေသည်။

ရုရှားမှာ နေရာများစွာတွင် ထူးခြားနေ၏။ ခေါ်မရှေးရိုးအစဉ်အလာ ဘာသာ (Greek Orthodox) ကို လက်ခံထားသည်မှအပ အခြားနေရာအားလုံး တွင် ရုရှားမှာ အရှေ့တိုင်းနိုင်ငံတစ်ခုသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နည်းတစ်လမ်း အားဖြင့် ရုရှားမှာ အရှေ့ရောမ အင်ပါယာ (Eastern Roman Empire) ကို အမွေဆက်ခံသည် ဆိုနိုင်၏။

ဘိုင်ဇံတီယမ် (Byzantium) အုပ်ချုပ်မှုမှာ တစ်ဝက် ဘုရားတရား ကြည်ညိုပြီး၊ တစ်ဝက်က သွေးစွန်း (Byzantium rule is half pious, half bloody) နေပြီး တစ်ချိန်လုံး ကလိန်ချံ့စာတ်ခင်းခဲ့သည်။ (engrossment is intrigue) ဆိုနိုင်၏။ ယင်းအမွေကို ရုရှားက ဆက်ခံခဲ့လေသည်။

မဟာပီတာဘုရင်ကြီးက ရုရှားတံခါးများကို အကုန်ဖွင့်ပေး၍ ရုရှား နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် ကြိုးပမ်းခဲ့၏။ ရုရှားနိုင်ငံတွင်းသို့ အနောက်တိုင်းအတွေးအခေါ်များ သွတ်သွင်းပေးလိုသူ ဖြစ်လေသည်။ သူကိုယ်တိုင် အင်္ဂလန်သို့ သွားရောက်၍ သင်္ဘောအလုပ်သမားတစ်ဦး အသွင်ဖြင့် သင်္ဘောတည်ဆောက်ခြင်းကို လေ့လာခဲ့၏။ ရုရှားနိုင်ငံ စက်မှုလက်မှုထွန်းကားအောင် လုပ်ရသည်မှာ လွယ်ကူသည်မဟုတ်ချေ။ အယူသီးသော တောသူ တောင်သားအားလုံးကို ဆန့်ကျင်ပြုလုပ်ခဲ့ရခြင်းဖြစ်၏။

ရုရှားများ အင်္ကျီလက်ရှည် ပုံမကျမပန်းမကျ ပွပွကြီးများ (Caftans long Sleeved Persian or Turkish garment) ကို စွန့်ပစ်စေ၍ အနောက်တိုင်း ဝတ်စုံများကို

www.burmeseclassic.com

www.burmeseclassic.com

ဝတ်စေ၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ပယ်စေ၍ နေ့စဉ် မုတ်ဆိတ်ကျင်စွယ်ရိတ်ပြီး သန့်သန့်ရှင်းရှင်း ဓလေ့စရိုက်များ ပြုလုပ် စေလေသည်

ပီတာပြုပြင်ပြောင်းလဲမှုများကို မမျှော်လင့်ဘဲ ကူညီလိုသူများ ပေါ်ပေါက်လာကြ၏။ ရုရှားပြည်တွင်း ဝင်လာကြသည့် ဂျာမန်နှင့် ပြင်သစ်များက နမူနာပြ၍ အနောက်တိုင်းဓလေ့များ ရုရှာကားအထက်တန်းလွှာတွင် ခေတ်စားလာလေသည်။

မမျှော်လင့်သော ရလဒ်တစ်ခုမှာ ချမ်းသာသူများနှင့် ဆင်းရဲသူတို့ ကွာဟမှု ပိုမိုကျယ်ဝန်းသိသာလာ၏။

ကက်သရိုင်းကို စတက်တင် (Stettin) တွင် မွေးဖွား၍ ပရပ်ရှား တပ်မတော်မှ ဗိုလ်ချုပ် (Prince Christian Augustus) ၏ သမီးဖြစ်လေသည်။ သူမ ငယ်စဉ်က (Princess Sophie of Anhalt Zerbst) ဟု ထင်ရှား၏။ ကက်သရိုင်း ဖခင်၏ ညီနှင့် (Empress Elizabeth) ကို စေ့စပ်ခဲ့ကြလေသည်။

ကက်သရိုင်းမှာ သိချင်တတ်ချင်စိတ်ရှိ၍ စာကြိုးစားသူဖြစ်ပြီး ကြီးပြင်းလာသည့်အခါ ဗဟုသုတ ကြွယ်ဝသူဖြစ်နေ၏။ သူမ ၁၅ နှစ်သမီးအရွယ်ရောက် သောအခါ မိဘများက သူမအား (St Petersbuig) သို့ ခေါ်ယူလိုက်ပြီး ရုရှား နန်းလျာ (Grand Duke Charles

www.burmeseclassic.com

www.burmeseclassic.com

Peter) နှင့် စေ့စပ်ပေးခဲ့လေသည်။ ထိုအချိန်တွင် မင်းသမီးသည် ကက်သရင်း အမည်ကိုခံယူခဲ့ခြင်း ဖြစ်၏။ သူမ မူလအယူ (Lutheran religion) ကို စွန့်လိုက်၍ ခေါ်မရှေးဟောင်း အယူ (Greek Orthodox)ကို ပြောင်းလဲခံယူခဲ့လေသည်။

သူမသည် ရုရှားစာပေဘာသာစကားကိုပါ စိတ်ပါလက်ပါ လေ့လာခဲ့၍ ကက်သရင်းသည် (St Petersburg) တွင် လူချစ်လူခင်ပေါများလာလေသည်။ ကက်သရင်း ရုရှထီးနန်းကို ဆက်ခံသောအခါ သူမ (၂၈)နှစ်သမီးသာ ရှိသေးသည်။ ကက်သရင်းသည် အကင်းပါးသူဖြစ်၍ သူမ အခြေခံ တောင့်တင်းစေရန် ရုရှားတပ်မတော်၏ ထောက်ခံမှုရဖို့လိုသည်ကို သိ၏။ ရုရှားတပ်မတော်တွင် ကိုယ်ရံတော်တပ်ဖွဲ့များ (Guard Units) မှာ အရေးပါ၍ ကက်သရင်းသည် ကိုယ်ရံတော်တပ်ဖွဲ့မှ အရာရှိ ၇၀၀ ကျော်နှင့် ချစ်ကျွမ်းဝင်ခဲ့သည်ဟု အဆိုရှိ၏။

ကက်သရင်းနှင့် လက်ထပ်ခဲ့သည့် (Grand Duke Peter) မှာ ရူးသွပ်နေသူ ဖြစ်လေသည်။ သူ ခုနစ်သားအရွယ်တွင် သူ့အား (Holstein) ကိုယ်ရံတော် တပ်သို့ အပ်လိုက်ပြီး ကိုယ်ရံတော်တပ်မှ အကြပ်များက

www.burmeseclassic.com

www.burmeseclassic.com

ပီတာအား စစ်ပညာများ သင်ပေးပြီး သူ့အား တပ်ထဲတွင် အကြပ်ကြီး (Sergeant) ရာထူးပေးထား၏။ ကလေးသည် စစ်ဘက်ကို တကယ်ဝါသနာပါလာပြီး စစ်ရေးပြများ ကြည့်ရှုခြင်း၊ ယူနီဖောင်းများ စုဆောင်းခြင်းမှာ သူ့ဝါသနာ ဖြစ်တော့၏။ ငယ်စဉ်ကတည်းက ရှုရှား၊ ဆွီဒစ်၊ လက်တင်ဘာသာများ သင်ပေးပြီး စစ်စည်းကမ်းနှင့်အညီ နေစေ၏။ မကြာခဏ အပြစ်ပေးခံရပြီး တစ်ခါတစ်ရံ စည်းကမ်းဖောက်သည့်အခါ အစာမကျွေးဘဲ အငတ်ထား၏။ ဤကဲ့သို့ ကျဉ်းကျဉ်းကြပ်ကြပ် စည်းကမ်းနှင့်နေလာပြီး ကြီးပြင်းလာသည့်အခါ ပီတာသည် အပျော်အပါးလိုက်စားပြီး တစ်ချိန်လုံးလိုလို မူးရူးနေတော့၏။

ပီတာသည် ငယ်စဉ်ကတည်းက ကျောက်ပေါက်ဖူး၍ ထိုစဉ်က ကုထုံးများမှာ လုံးဝထိရောက်မှု မရှိချေ။ ပီတာ ရူးသွပ်ခြင်းမှာ ကျောက်ရူးဖြစ်သည်ဟု ယူဆရ၏။ ကက်သရိုင်းသည် ထိုသူနှင့် ၁၇ နှစ်တိုင်တိုင် ပေါင်းသင်းခဲ့လေသည်။ ပီတာနှင့်ရပြီး ၉ နှစ်ကြာသောအခါ ကက်သရိုင်း ကိုယ်ဝန်ရှိခဲ့လေသည်။

ထိုအချိန်တွင် ကက်သရိုင်းသည် (Saltikor) ဆိုသူနှင့် ချစ်နေ၏။ သို့သော် မွေးဖွားသောကလေးမှာ ပီတာနှင့် ရရှိခဲ့ခြင်းဖြစ်လေသည်။ ကက်သရိုင်းသည် (Saltikor) နှင့် တစ်နှစ်တိုင်တိုင် ချစ်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် စိန်ပီတာစဘက်သို့ (Count Stanislaus Poniatorsky) ရောက်လာ၏။ ပိုလန် သံအမတ်ကြီးအဖြစ် ရုရှားသို့ ရောက်ရှိလာခြင်း ဖြစ်လေသည်။ ထိုသူသည် ပညာသိပ်မတတ်သော်လည်း သံတမန်ရေးရာများ သံခင်း တမန်ခင်းကိစ္စများကို ကျွမ်းကျင်သူဖြစ်၏။ မကြာမီ ကက်သရိုင်း ထိုပိုလန် သံအမတ်ကြီးနှင့် ချစ်ခဲ့၏။

တစ်ကြိမ်တွင် ပိုနီယာတောဗ်စကီးသည် ကက်သရိုင်းအား လာရောက်တွေ့ဆုံရာ ကက်သရိုင်း အိပ်ပျော်နေ၍ ပီတာက ကက်သရိုင်းအားနှိုးပြီး သူတို့လေးဦးအတွက် ညလယ်စာ (Supper Party) စီစဉ်ပေး၏။

(Empress Elizabeth) ကွယ်လွန်သည့်အခါ ပီတာနှင့် ကက်သရိုင်းတို့ ရုရှားထီးနန်း ဆက်ခံခဲ့ကြ၏။ ပီတာသည် မူးယစ်သောက်စား၍ မိန်းမငယ်များ နှင့်သာ အချိန်ကုန်နေ၏။ ကက်သရိုင်း အဲနေမှုန်မှုကြောင့် သူမကို လေးစားသူများ တဖြည်းဖြည်း ပိုများလာ၏။

ထိုအချိန်တွင် ကက်သရိုင်းသည် (Orcoff) ညီနောင်ငါးဦးနှင့် တွေ့ရှိခဲ့၏။ အော်ကော့ဖ်ညီနောင်များ အနက် (Gregory Orcoff) နှင့် ကက်သရိုင်း ချစ်ကြိုက်ကြ၍ သူတို့အချစ်ဇာတ်လမ်းမှာ နှစ်ပေါင်း ၂၀ တိုင်အောင် ကြာမြင့်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

(Orcoff) ညီနောင်က အဘွားသိမ်းလိုက်ကြ၍ ပီတာကို ဝန်းရံထားပြီး ထိးနန်းစွန့်ရန် တောင်းဆို၏။ ပီတာကို (Alexis Orcoff) က သုတ်သင်လိုက်ပြီး ပီတာ (apoplexy) ရောဂါနှင့် ကွယ်လွန်ကြောင်း ကြေညာခဲ့ကြ၏။

ကက်သရိုင်းသည် အသက် ၇၃ နှစ်အရွယ်တွင် ရုရှားဘုရင်မကြီး (Empress of Rurisa) ဖြစ်လာလေသည်။ ကက်သရိုင်း စံထားသည့်မှာ မဟာပီတာဘုရင်ကြီး (Peter The Great) ဖြစ်လေသည်။ သူမသည် ခေတ်သစ် ယဉ်ကျေးမှု (Modern Culture) နှင့် အနောက်တိုင်း စိုက်ပျိုးရေးပညာရပ်များ (Western Agriculture Methods) ရုရှားနိုင်ငံသို့ သွတ်သွင်းပေး၏။

ကက်သရိုင်းလုပ်ရပ်များအနက် အထူးချီးကျူးဖွယ်မှာ သတ္တုတွင်းများတွင် ကျေးကျွန်စနစ်နှင့် ခိုင်းစေမှုကို နှိပ်ကွက်ရပ်စဲပစ်စေခြင်း ဖြစ်၏။

ကက်သရိုင်းသည် အပျော်အပါး လိုက်စားသော်လည်း သတ္တိရှိ၍ အမြော်အမြင်ကြီးသူဖြစ်ပါသည်။ သူမသည် သူမကိုယ်တိုင်က ပညာမတတ်လှသော်လည်း ပညာရှင်များကို လေးစားသူဖြစ်၏။ ဘော်တဲယား၊ ဂရင်မ် (Voltare, Grim) တို့နှင့် ကက်သရိုင်း စာပေ အဆက်အသွယ်ရှိပြီး (Diderot)အား ကက်သရိုင်းက နန်းတွင်းစာကြည့်တိုက်မှူး (Court Librarian) ခန့်အပ်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့လေသည်။

သူမ နောက်ထပ် အိမ်ထောင်ရေး စိတ်မကူးရဲပါ။ ဒိန်းမတ်၊ ဆွီဒင်၊ တူရကီနှင့် ပြင်သစ် မင်းညီမင်းသားများနှင့် လက်ဆက်ရန် မဖြစ်နိုင်ချေ။ ယင်းသို့ နောက်အိမ်ထောင်ပြုလိုက်ပါက ရုရှားနိုင်ငံကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် သူမ ပြန်လည်တည်ဆောက်နိုင်ရန် အလှမ်းဝေးသွားမည်။

ကက်သရိုင်း စိတ်ဓာတ်ကို ကျွန်ုပ်တို့ လေ့လာကြည့်ကြပါစို့။ သူမသည် ချစ်သူတစ်ယောက်ပြီး တစ်ယောက် ထားခဲ့သည်မှာ မှန်၏။ သို့သော် ယင်းမှာ ထိုခေတ်က ဘုရင်၊ ဘုရင်မများ လုပ်ရိုးလုပ်စဉ်တည်း။ သူမခင်ပွန်းမှာ အားကိုးလောက်သူမဟုတ်ဘဲ သားငယ်မှာလည်း ကျပ်မပြည့်သူဖြစ်နေ၏။ သူမ တစ်စုံတစ်ဦးအား တကယ်အချစ်စစ်နှင့် ချစ်ခဲ့သည်ဆိုပါလျှင် ထိုသူမှာ (Poniatovrky)ဖြစ်ဖွယ်ရှိ၏။ သူ့အား ကက်သရိုင်းက ပိုလန်ထီးနန်းပေးခဲ့သည်က သူမအချစ်ကို သက်သေထူနေပြီး (Orloft) ကဲ့သို့ သန်မာထွားကျိုင်းသူကို သူမ ချစ်ခဲ့သည်မှာ မဆန်းပါ။ ထိုခေတ်က နန်းတွင်းသူ နန်းတွင်းသားများ ချစ်သူထည်လဲနှင့် ထားခဲ့ကြ၏။ သူမ ချစ်ခဲ့ဖူးသူအားလုံးကို ကောင်းစားသွားအောင် ကက်သရိုင်း စောင်မကြည့်ရှုခဲ့၏။

သူမနှင့် (Orloft) အချစ်ဇာတ်လမ်းကို ပြန်

www.burmeseclassic.com

www.burmeseclassic.com

ကောက်ရပေမည်။ သူသည် ကက်သရိုင်း အကြာရှည်ဆုံး ချစ်ခဲ့သူတည်း။ အော်လော့ဖ်မှာ သန်မာထွားကျိုင်း၍ စစ်မြေပြင်တွင် အော်လော့ဖ် သတ္တိကောင်းသည်မှာ နာမည်ကြီးဖြစ်၏။ သို့သော် အော်လော့ဖ်သည် ဉာဏ်ပညာထုံထိုင်းသူတည်း။ နောက်ဆုံး မတတ်နိုင်တော့၍ ကက်သရိုင်းသည် အော်လော့ဖ်အား (Miss Zinövielf) နှင့် ပေးစားလိုက်၏။ ထိုစဉ်က၏ ဇီနိုဗီမ်မှာ ၁၄ နှစ်သမီးသာ ရှိသေး၏။ အော်လော့ဖ်နှင့်ရပြီး မကြာမီ စနီးသည် သေဆုံးခဲ့၍ အော်လော့ဖ်သည် ရင်ကွဲနာကျကာ သေဆုံးရပြန်၏။

ကက်သရိုင်း ရုရှားနန်းတက်၍ နှစ်အတန်ကြာသောအခါ (Empress Elizabeth) က ဖမ်းဆီး ချုပ်နှောင်ထားခဲ့သော (Ivan III) ကွယ်လွန်ခဲ့၏။ နှစ်ပေါင်း (၂၀) ချုပ်နှောင်ခြင်း ခံခဲ့ရသူတည်း။

ကက်သရိုင်းသည် ရုရှားနိုင်ငံအား နှစ်ပေါင်း (၃၀)ကျော် ငြိမ်းချမ်းစွာ အုပ်ချုပ်နိုင်ခဲ့လေသည်။ ကက်သရိုင်း ချစ်သူများအနက် (Potenkin) မှာ စိတ်ဝင်စားဖွယ် အကောင်းဆုံးသူဖြစ်၏။ တူရကီစစ်များတွင် ပိုတမ်ကင် အောင်ပန်း ခွတ်ခူးနိုင်ခဲ့ပြီး ၁၅ နှစ်တိုင်တိုင် ပိုတမ်ကင်သည် ကက်သရိုင်း ချစ်သူအဖြစ် ရုရှားနန်းတွင်းတွင် အရေးပါဆုံး အရာရှိဖြစ်ခဲ့လေသည်။

ပိုတမ်ကင်မှာ ရုရှားလူမျိုးစစ်စစ်ဖြစ်၍ ကြွားဝါ

www.burmeseclassic.com

www.burmeseclassic.com

တာတ်ပြီး အကျည်းတန်သူဖြစ်ပါသည်။ သို့သော် သူသည်လည်း သူ့နည်းသူ့ဟန်နှင့် အမြော်အမြင်ကြီးသူဖြစ်၏။ ကက်သရိုင်း သူ့ကို ကြာရှည်မချစ်နိုင်မှန်း ပိုတမ်ကင်သိပြီး သူမ အချစ်အာရုံကို ဖြည့်ဆည်းနိုင်ရန် ချောမောလှပသည့် လူငယ်များစွာကို ကက်သရိုင်းအား ပိုတမ်ကင်က ရှာပေးထား၏။ ပိုတမ်ကျင် ကက်သရိုင်းအား ရှာပေးထားသည့် လူငယ်များအနက် ထင်ရှားသူများမှာ (Zawadwiky, Nanstoy, Yermololf)နှင့် (Monomolf) တို့ဖြစ်ကြ၏။ သို့သော် သူတို့အနက် ကက်သရိုင်းက သူ့အား တကယ်စွဲစွဲလမ်းလမ်း ချစ်လာပြီဆိုလျှင် ပိုတမ်ကင်က ထိုသူအား တစ်နည်းတစ်လမ်းဖယ်ရှားပစ်၏။ ဖယ်ရှားရန် ခက်ခဲသူများအား ပိုတမ်ကင်က အံဆိပ်ကျွေးသတ်ခဲ့၏။

ကက်သရိုင်း ရုရှားနိုင်ငံတော်အတွက် လုပ်ဆောင်ချက်များအနက် ရုရှားရှုထောင့်မှကြည့်လျှင် ချီးကျူးဖွယ်အကောင်းဆုံးမှာ အရှေ့ပိုင်းနယ်မြေများအား ရုရှားပိုင်နက်သို့ သွတ်သွင်းခဲ့ခြင်း (Russianise the East) ဖြစ်၏။

ထိုစဉ်က ရုရှားပိုင်နက်မှာ ကျယ်ဝန်းလှသည်မဟုတ်ချေ။ အနောက် ဖက်တွင် ဆွီဒင်ရှိ၏။ ဆွီဒင်က ဖင်လန်အထိ အင်ပိုင်ယာချဲ့တွင်ထား၏။ ကုတ်လန် (Courtland) နှင့် ဘော်တစ်ပြည်နယ်များက ရုရှားအား

www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်သို့ ထွက်ပေါက် ပိတ်ထား၏။ ပိုလန်မှာ (Roman Catholic) နိုင်ငံတစ်ခုဖြစ်၍ (Roman orthodox) ရှေးဟောင်းအယူနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဩစတြီးယားကလည်း အင်ပိုင်ယာတစ်ခု ပိုင်ဆိုင်ထားပြီး ရုရှားတောင်ဘက်တွင် တူရကီ ရှိလေသည်။

၁၈ ရာစုနှစ် တူရကီမှာ (Soliman the Magnificent) ထူထောင်ခဲ့သော နိုင်ငံဖြစ်ပြီး ထိုစဉ်က အင်အားကြီးမားသော အလတ်စားနိုင်ငံတစ်ခုဖြစ်၏။ ထိုစဉ်က တူရကီပိုင်နက်မှာ ဘော်လ်ကန်ဒေသတစ်ခုလုံး ယခုခေတ် တူရကီ၊ ဆားဗီးယား၊ ခေါ်မ၊ အယ်ဘေးနီးယား၊ ဘော့စ်နီးယား၊ ဘူးဂေးရီးယား၊ ရူမေးနီးယားနှင့် (Bessarabia) တို့ပါဝင်၏။ အာရှမိုင်းနား ဆီးရီးယား အီဂျစ်တို့က မူဆလင်နိုင်ငံများဖြစ်၍ ရုရှားကို အန်တုနိုင်သူများတည်း။ ကက်သရိုင်းက သူမလုပ်ဆောင်ရန် အစီက တာဝန်နှစ်ရပ် သတ်မှတ်ထား၏။ ပထမတာဝန်မှာ ရုရှားနယ်ပယ်ကို အနောက်ဘက်သို့ ချဲ့ထွင်ရန် ရုရှားအထိ ရုရှားပိုင်နက် ဖြန့်ကျက်ထားရန်ဖြစ်ပြီး ဒုတိယတာဝန်မှာ တူရကီအား နှိမ်နင်းရန်ဖြစ်၏။ သူမက တူရကီအား မနှိမ်နင်းနိုင်လျှင် တူရကီက ရုရှားအား ရန်ပြုလာနိုင်၏။ ကွန်စတင်တီနိုပဲလ်နှင့် အေဂျင်ပင်လယ်အထိ ရုရှားပိုင်နက် ဖြန့်ကျက်ရန်မှာ ကက်သရိုင်း ဆန္ဒဖြစ်၏။ ယင်းလောဘဇော်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ကရိုင်မီးယန်းစစ် (Crimean War of 1854)ဖြစ်ပွားခဲ့ရပြီး ယင်းအကျိုးဆက်များက ပထမကမ္ဘာစစ်သို့လည်း ဦးတည်ခဲ့၏။

တူရကီနှင့် ဖြစ်သည့်စစ်ပွဲတွင် ရုရှားဗိုင်နက်ကို တောင်ဘက်သို့ အနည်းငယ်သာ ချဲ့ထွင်နိုင်ပြီး ကက်သရိုင်းလက်ထက်တွင် ရုရှားနယ်နိမိတ်သည် (Dinester) မြစ်အထိ ကျယ်ပြန့်ခဲ့၏။ ရုရှားနယ်ပယ်တောင်ဘက်သို့ ချဲ့ထွင်ခဲ့ခြင်းရလဒ်တစ်ခုမှာ ခေါ်မတို့ မျိုးချစ်စိတ် ထက်သန်လာပြီး တူရကီလက်အောက်မှ လွတ်မြောက်အောင် ကြိုးပမ်းလာကြခြင်း ဖြစ်လေသည်။

ပိုလန်နှင့်ပတ်သက်၍ ရုရှားကို အန်တုမလာနိုင်စေရန် ကက်သရိုင်းဝါဒမှာ ပိုလန်အား ချည့်နဲ့အားနည်းနေစေရန်ဖြစ်၏။ ပိုလန်မှာ သူ့နည်း သူ့ဟန်နှင့်သူ ချည့်နဲ့အင်အားနည်းနေသည်သာ ဖြစ်၏။ မြို့စားကြီးများက သူတို့နယ်တွင် သူတို့ဗိုလ်ဖြစ်နေ၍ ဘယ်ဘုရင်ကိုမှ အသိအမှတ်မပြုခဲ့ကြချေ။ အစဉ်အဆက်ဘုရင်စနစ် ကွယ်ပျောက်သွားပြီး မြို့စားကြီးများက ရွေးချယ်တင်မြှောက်သူဘုရင်ဖြစ်လာ၏။ (Elected Kings)

တစ်ကြိမ်ကဆိုလျှင် မြို့စားကြီးတစ်ဦးက ကန့်ကွက်လျှင် မည်သည့် ဥပဒေကြမ်းမှ ဥပဒေအဖြစ် ပေါ်ထွက်မလာနိုင်ချေ။ နောက်ဆုံးတွင် ပိုလန်၏

www.burmeseclassic.com

www.burmeseclassic.com

အိမ်နီးချင်းနိုင်ငံကြီးများဖြစ်ကြသော ဩစတြီးယား၊ ပရပ်ရှားနှင့် ရုရှားတို့က ပိုလန်နိုင်ငံအား အမဲဖျက်သလို သူတို့နယ်ခြားနှင့်ကပ်လျက် ပိုလန်ပိုင်နက်များကို ခွဲဝေယူခဲ့ကြလေသည်။ (Partitions of Poland)

ကက်သရိုင်းသည် အသက်ကြီးလာပြီဖြစ်၏။ သူမ ရုရှားကို အုပ်ချုပ်လာသည်မှာ ကြာပြီဖြစ်သော်လည်း သူမအား အိမ်နီးချင်း နိုင်ငံကြီးများဖြစ်သည့် ပရပ်ရှား၊ ဩစတြီးယားတို့က ကက်သရိုင်းအား သူတို့နှင့် တန်းတူရည်တူ မဆက်ဆံလိုကြချေ။ သူမ၏ မြေးမလေးကို ဆွီဒင်ဘုရင်က လက်ထပ်ထိမ်းမြားရန် ငြင်းဆိုခဲ့ရာ ကက်သရိုင်း မျက်ရည်ပေါက်ကြီးငယ်ကျ၍ ငိုယိုခဲ့ရ၏။

သူမ ၆၇ နှစ်ရှိလာပြီး ထိုစဉ်က သူမ၏ မေးဖရိုက်မှာ (Planton Zutof) ဖြစ်၏။ ထိုသူက သူမအား သူမချစ်သလို ပြန်ချစ်စေလို၏။ ဤသည်မှာ ကက်သရိုင်း၏ ကံကြမ္မာဖြစ်လေသည်။ သူမကသာ ချစ်သူအများအပြားကို ချစ်ခဲ့ရ၍ သူမချစ်သလို သူမအား မည်သူကမျှ ပြန်မချစ်ခဲ့ကြချေ။

အကယ်၍သာ ကက်သရိုင်းသည် နှစ်ပေါင်း ၁၀၀ လောက် နောက်ကျမှ ရုရှားထီးနန်းကို စိုးစံရပါက သူမသည် ကောင်းမွန်သောဥပဒေစည်းမျဉ်း ခံဘုရင်မ တစ်ပါး (Constitutional Queen) ဖြစ်လာဖွယ်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ယင်းဘဝကို သူမ လိုလားမည်မဟုတ်ပါကြောင်း တင်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နယ်ဆင်နှင့် လေဒီဟာမယ်တန်
(NELSON & LADY HAMILTON)

ထရှိုင်မှ ဟာယ်လင်နှင့် မပတ်သက်ခဲ့လျှင် ပဲရစ်ကို လှသိမများမည်မှာ သေချာ၏။ ထိုနည်းအတူ ပင် စကောဒ့များ၏ ဘုရင်မမေရီနှင့် ချစ်ကျွမ်းမဝင်ခဲ့လျှင် ဘောဓ့ဝဲလ်ကို မည်သူကမျှ ဂရုစိုက်မိမည် မဟုတ်ချေ။

နယ်ဆင်ကသာ သူမကို အချစ်ကြီး မချစ်ခဲ့လျှင် လေဒီဟာမလ်တန်၏အမည်မှာ သမိုင်းတွင် ကျန်ရစ်မည်မဟုတ်ချေ။ နယ်ဆင်သည် စစ်သမိုင်း တစ်လျှောက်လုံးတွင် အကြီးကျယ်ဆုံး ရေတပ်ဗိုလ်ချုပ်ကြီး အဖြစ် ထင်ရှားခဲ့သော်လည်း သူသည် အချစ်သူရဲကောင်းတစ်ဦး မဟုတ်ချေ။ (Nelson goes down in history as one of the greatest noval Commanders, but

www.burmeseclassic.com

www.burmeseclassic.com

not as a romantic hero.)

နယ်ဆင် မကွယ်လွန်မီလေးတွင် ပြောကြားခဲ့သည့် 'အင်္ဂလန်က သူ့သားကောင်းရတနာတိုင်းဟာ သူ့တာဝန် သူထမ်းဆောင်သွားမယ်လို့ မျှော်လင့်ထားတယ်။ (England expects that everyman will do his duty) ဟူသော စကားရပ်မှာ သမိုင်းတွင် အလွန်ပင် ထင်ရှားခဲ့၍ သမိုင်းလေ့လာသူတိုင်း မသိမဖြစ်ဟု ဆိုနိုင်၏။

သတ္တိကြောင်သော သူ့အထက်အရာရှိက အချက်ပြပေးခဲ့သည့်အမိန့်ဖြစ်သည့် 'နောက်ဆုတ်ထွက်ခွာပါ'ကို သူ့မမြင်ရသော မျက်လုံးနှင့် မှန်ဘီလူးမှ ကြည့်ပြီး ယင်းအမိန့်ကို သူမ မြင်ရ၍ နာခံရန်မလိုဟု နယ်ဆင်က ဆုံးဖြတ်ပြီး ဆက်တိုက်ခဲ့သောကြောင့် နယ်ဆင်ထရာဖာဂါ (Trafalgar) တိုက်ပွဲတွင် ပြင်သစ်ရေတပ်အပေါ် အောင်ပွဲခံနိုင်ခဲ့၍ နယ်ဆင်အမည် ရေတပ်သမိုင်းတွင် ဟိုးလေးတကျော် ဖြစ်ခဲ့ရခြင်း ဖြစ်ပါသည်။

လေဒီဟမလ်တန်သည် သူမ၏ အလှဆင်းရူပကာနှင့် သမိုင်းကို ပြောင်းလဲစေခဲ့သူဖြစ်၏။ ကျန်ရစ်ခဲ့သော ဓာတ်ပုံများတွင် လေဒီဟမလ်တန်၏ မျက်လုံးများမှာ မျက်တောင်ကော့ကြီးများနှင့် အလွန်ဆွဲဆောင်အား ကောင်းသည်ကို တွေ့ရပါသည်။

☙

အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

လေဒီဟာမလ်တန်ကို ၁၇၆၂ ခုနှစ်၌ ချက်ရှိုင်းယားပြည်နယ် ဟာဝါဒင် (Hawarderin Cheshire) တွင် မွေးဖွားခဲ့၍ ဖခင်မှာ ပန်းရန်သမား (Blacksmith) ဖြစ်၍ တောသူတစ်ဦးနှင့် သူ့အကြောင်းပါပြီး ဒက်ဖနေကို မွေးဖွားခဲ့ခြင်း ဖြစ်လေသည်။

၁၈ ရာစုအကုန်လောက်တွင် အင်္ဂလိပ်လူမျိုးများမှာ အလွန်ရိုင်းစိုင်းသေး၍ ညစာကို တိရစ္ဆာန်အဆီ (animal fat) နှင့်ထွန်းသည့် မီးခွက်ထွန်း၍ သစ်သားပြားကြီးများ (Wooden platter) ပေါ်၌ အစာတင်၍ စားကြရ၏။ လိင်ဖောက်ပြန်မှုများမှာ ထုံးစံလိုဖြစ်နေပြီး စိတ်ဓာတ်အခြေအနေမှာ တိရစ္ဆာန်သာသာ ခေါ်ရမည်။ (Promiscuity was intense the moral Level Equal to that of the beasts.)

တစ်ဦးချင်းသီးသန့် နေထိုင်မှုမရှိဘဲ တစ်ကိုယ်ရေသန့်ရှင်းမှုဟူ၍ လုံးဝမရှိခဲ့ချေ။ စာရေးစာဖတ် လုံးဝမရှိသလောက်ဖြစ်ပြီး ဘာသာရေးလည်း မရှိခဲ့ချေ။ စားအိပ်ကာမအလုပ်သာ ရှိခြင်းကြောင့် တိရစ္ဆာန်သာသာဟု ခေါ်ဆိုရခြင်း ဖြစ်လေသည်။

ဒက်ဖနေ့မိခင်မှာ သူခင်ပွန်း ပန်းရန်ဆရာအပေါ် သစ္စာမရှိဘဲ လော့ဒ်ကာဒိုဂင် (Lord Cadogan) နှင့် ဖောက်ပြန်၍ ဒက်ဖနေကို မွေးဖွားခဲ့ခြင်း ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောကြ၏။ သို့သော် မှတ်ပုံတင်တွင် ဒက်ဖနေမှာ ပန်းရန်ဆရာသမီးဟုသာ ဖော်ပြထားပါသည်။ ဒက်ဖနေ ငယ်စဉ် ကလေးဘဝက ဆင်းဆင်းရဲရဲနေခဲ့ရ၍ စာရေး စာဖတ်တတ်ရုံသာ ရှိလေသည်။ သူမ ကြီးပြင်းသည့် အထိ အင်္ဂလိပ်စာလုံးပေါင်းသတ်ပုံကို မှန်ကန်အောင် မရေးနိုင်ချေ။

ဒက်ဖနေ အလားအလာမှာ မှေးမှိန်လှလေ သည်။ သူမအနေနှင့် သူများအိမ်တွင် အခိုင်းအစေ (Domestic Servant) လုပ်ချင်လုပ်မည်၊ သို့မဟုတ် အရုပ် ဆိုးဆိုး ငွေကြေးချမ်းသာသည့် မုဆိုးဖိုအဘိုးကြီးကို ယူချင်ယူ။ ဒါမှမဟုတ် လန်ဒန်လမ်းမကြီးများပေါ် ရောက်ရုံသာရှိလေသည်။ ထိုခေတ်က ရုပ်ရည်ချောမော ပြီး ဆင်းရဲသူများသွားရာလမ်းတည်း။

သူမသည် ချမ်းသာကြွယ်ဝသူတစ်ဦးအိမ်တွင် အစေအပါး ဖြစ်လာ၏။ သို့သော် ဒက်ဖနေမှာ ရည်မှန်း ချက်ကြီးမားသူဖြစ်လေသည်။ အိမ်တစ်အိမ်မှ တစ်အိမ် ပြောင်းရွှေ့လုပ်ကိုင်လာရင်း (Captain Payne) ဆိုသူနှင့် ဒက်ဖနေ တွေ့ခဲ့၏။ ပိန်းက ဒက်ဖနေကို တွေ့တွေ့ ချင်း အရူးအမူးချစ်ခဲ့၍ ဒက်ဖနေ ၁၆ နှစ်သမီးအရွယ် တွင် သူမ တကယ်ချစ်သူ တွေ့ခဲ့ရလေပြီ။ ဤနေရာ တွင် ဒက်ဖနေ အကျင့်စာရိတ္တကို ကျွန်ုပ်တို့ အကဲခတ် ခွင့်ရ၏။ သူမသည် လူတစ်ဦးတည်းကို တည်တည်

www.burmeseclassic.com

www.burmeseclassic.com

တဲ့တဲ့ ချစ်သူမဟုတ်ချေ။ ပိန်းနှင့် ကလေးတစ်ဦးရပြီး ယင်းကလေးကို ဟာ့ဝါဒီင်းရှိ သူ့မမိဘများထံ ပို့လိုက်၏။

မကြာမီ ဒက်ဖနေ နောက်ကျွားသတ္တဝါတစ်ဦး တွေ့ပြန်၏။ (Sir Henry Feather Stoncethangh) ဖြစ်သည်။ သို့သော် ယင်းပုဂ္ဂိုလ်နှင့်လည်း ဒက်ဖနေ ကြာရှည်မနေနိုင်ချေ။ လမ်းမပေါ်ပြန်ရောက်ရင်း မြို့စားကြီးတစ်ဦး (Earl of Warwick) ၏သား (Charles Epraville)နှင့် တွေ့ခဲ့၏။ ယင်းပုဂ္ဂိုလ်မှာ အထက်တန်းစား တစ်ဦးဖြစ်သော်လည်း အချစ်တွင် သစ္စာရှိသူ မဟုတ်ချေ။

ဒက်ဖနေသည် ဟာ့ဝါဒီင်းရှိ မိဘများထံ ပြန်ရောက်လာပြီး မိဘနှင့် ထိုရွာငယ်လေးတွင် ငါးနှစ်အတူနေထိုင်ခဲ့၏။ ယင်းသို့နေထိုင်စဉ်အတွင်း မြို့စားကြီး၏သား Craville နှင့် ပြန်ဆက်မိလေသည်။ စရာဗီလ်၏ ဦးလေးမှာ (Sir Williom Hamitton) ဖြစ်လေသည်။ ဆာဝီလျံက ရောဗီလ်ကို သားအရင်းလို ချစ်ပြီး သူ့အား အမွေစားအမွေခံ ဆက်ခံခွင့်ပေးမည်ဟု ကမ်းလှမ်းလာ၏။ ထိုနည်းနှင့် ဒက်ဖနေက ဆာဝီလျံနှင့်

www.burmeseclassic.com

www.burmeseclassic.com

စတင်သိကျွမ်းခဲ့ရ၏။ ဆာဝီလျံမှာ အသက် (၅၀)ကျော် ပြီဖြစ်ပြီး ဒက်ဖနေမှာ အသက် (၂၀)ကျော်သာ ရှိသေး ၏။ ဆာဟာနရီမှာ နေပေါလ်နှင့် ဆစ္စလီသို့ ဗြိတိသျှ သံအမတ်ကြီးတာဝန် ထမ်းဆောင်ဆဲဖြစ်လေသည်။

ဆာဟာနရီမှာ အဘက်ဘက်မှ ပြည့်စုံ ကုံလုံသူ ဖြစ်၍ ဗြိတိသျှဘုရင့် အမှုတော်ထမ်းဆောင်ရင်း တက် လမ်းများစွာရှိသူဖြစ်၏။ သို့သော် ဒက်ဖနေနှင့် တွေ့ဆုံ ပြီး ဆာဟာနရီသည် သူမအား အကြီးအကျယ် စွဲလမ်း ချစ်ခင်ခဲ့လေသည်။ ဒက်ဖနေအား အချစ်ကြီးချစ်သူ တစ်ဦး တွေ့ရပြန်လေပြီ။ ဆာဟာနရီတွင် တရားဝင် လက်ထပ်မယားရှိသော်လည်း ဆာဟာနရီသည် ဒက်ဖ နေ ကြော့ကွင်းမှ လွတ်ကင်းအောင် မရှောင်နိုင်ခဲ့ချေ။

ဒက်ဖနေ ဒုက္ခရောက်နေစဉ် ဆာဟာနရီနှင့် တွေ့ခဲ့ပြီး ဆာဟာနရီက အချစ်သူရဲကောင်းကြီးလုပ်ကာ ဒက်ဖနေအား ဆင်းရဲတွင်းမှ ကယ်တင်ရန် ဆုံးဖြတ်ခဲ့ လေသည်။ ၁၇၉၀ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့၌ ဆာဟာနရီက ဒက်ဖနေအား လန်ဒန်မြို့တော်သို့ ခေါ် ယူပြီး တရားဝင်လက်ထပ်ယူခဲ့လေသည်။

ဒက်ဖနေသည် ဆာဟာနရီ၏ လက်ထပ်ဇနီး အဖြစ် နေပေါလ်တွင် လူကုံထံများနှင့် ရင်းနှီးဆက်ဆံ ခဲ့ရပြီး သူမသည် တကယ့်အထက်တန်းလွှာမှ ဆင်း သက် ပေါက်ဖွားသူတစ်ဦးပမာ နေထိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူမသည် နေပေါလီဘုရင်မနှင့်ပါ ရင်းရင်းနှီးနှီး
ဆက်ဆံခွင့်ရခဲ့ပြီး လွန်စွာအရေးပါ အရာရောက်သော
အမျိုးသမီးတစ်ဦး ဖြစ်လာခဲ့ချေပြီ။

ယင်းနှစ်များမှာ သမိုင်းတွင် အလွန်အရေးကြီး
သောနှစ်များဟု ခေါ်ဆိုရမည်။ ပြင်သစ်တော်လှန်ရေး
ပေါ်ပေါက်ခဲ့ပြီး နပိုလီယံလက်ထက်တွင် ပြင်သစ်သည်
ဥရောပတွင် မိုးရှုးတန်ဆောင်နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်လာ
ခဲ့ချေပြီ။

နပိုလီယံသည် ဘယ်ဂျီယမ်၊ ဟော်လန်၊ ဆွစ်
ဇာလန်၊ ဩစတြီးယား၊ ဂျာမနီတို့ကို အောင်နိုင်ခဲ့သည်။
ရုရှားပြည်တွင်းသို့ ထိုးစစ်ကြီးဆင်နွှဲခဲ့၏။

နေပေါလီဘုရင်မ ကာရိုလိုင် (Queen Caroline
of Naples) ၏ ခင်ပွန်းမှာ အလွန်အစွမ်းအစနည်းသည့်
(King Ferdinand) ဖြစ်၏။ ကာရိုလိုင်ဘုရင်မက လေဒီ
ဟာမလ်တန်နှင့် ရင်းနှီးပြီး လေဒီဟာမလ်တန်သည်
ဥရောပနိုင်ငံရေးတွင် အရေးပါသူတစ်ဦးဖြစ်လာခဲ့ချေပြီ။

လေဒီဟာမလ်တန် အသက် ၃၅ နှစ်အရွယ်
၁၇၉၈ ခုနှစ်တွင် နပိုလီယံက အီဂျစ်ကို ချီတက်
တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့၏။ ဗြိတိသျှပိုင်နက် အရှေ့
ပိုင်းနိုင်ငံများနှင့် ဗြိတိန်ကို ခွဲခြမ်းပစ်လိုက်ရန် နပိုလီယံ
က ကြံရွယ်ခဲ့ခြင်းဖြစ်၏။ အီဂျစ်ကိုတိုက်ရန် နပိုလီယံ
သူ့ရေတပ်ကို တိုလွန် (Toulon) တွင် စုစည်းထား၏။

www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှရေတပ်က ပြင်သစ်ရေတပ်ကို ချေမှုန်းရန် တောင်ပိုင်းသို့ ဆင်းလာရ တောင်ပိုင်းတွင် နေပေါလ်မှ လွဲ၍ ဗြိတိသျှရေတပ်နားနေရန် ဆိပ်ကမ်းကောင်း မရှိခဲ့ချေ။ ပြင်သစ်က ရန်သူဖြစ်နေပြီး စပိန်က ကြားနေနိုင်ငံဖြစ်ကာ မြောက်ပိုင်း အီတလီမှာလည်း ပြင်သစ်သြဇာခံဖြစ်နေ၏။ ထို့ကြောင့် နယ်ဆင်၏ရေတပ် နေပေါလ်သို့ ရောက်လာလေသည်။

ဆာဝီလျံ ဟာမလ်တန်က တွေ့ဝေနေ၏။ သို့သော် လေဒီဟာမလ်တန်က ဘုရင်မ ကာရိုလိုင်ကို ချည်းကပ်လေသည်။ ကာရိုလိုင်က ပြင်သစ်ရန်သူ ဖြစ်နေ၏။ ဗြိတိသျှရေတပ်ကို သူတို့လိုသည့် စားနပ်ရိက္ခာ၊ စက်သုံးဆီ၊ သောက်ရေအားလုံး နေပေါလ်က ဖြည့်ဆီးပေး၏။ စားနပ်ရိက္ခာ အပြည့်တင်၍ နယ်ဆင်သည် နိုင်းရေတပ်တိုက်ပွဲ (Battle of the Nile) ကို ဆင်နွှဲခဲ့ခြင်းတည်း။

နိုင်းမြစ်ဝှမ်းတိုက်ပွဲတွင် နယ်ဆင်၏ ဗြိတိသျှရေတပ်က နပိုလီယံ၏ ရေတပ်ကို ချေမှုန်းနိုင်ပြီး နယ်ဆင်သည် နေပေါလ်သို့ ပြန်လာခဲ့လေသည်။ နေပေါလ်တွင် နယ်ဆင်အား လေဒီဟာမလ်တန်က ကောင်းမွန်စွာ ပြုစုခဲ့လေသည်။ ပြင်သစ်က ရေတပ်တိုက်ပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း ကြည်းကြောင်းတွင် အောင်ပွဲတစ်ခုပြီးတစ်ခုရခဲ့၏။ ဖာဒီနန်နှင့် ကာရိုလိုင်၏

www.burmeseclassic.com

www.burmeseclassic.com

ဗြိတိသျှရေတပ် အကာအကွယ်ယူ၍ ပလာမို (Palermo) သို့ တိမ်းရှောင်နေခဲ့ရ၏။

နယ်ဆင် ဆာဝီလျှံနှင့် လေဒီဟာမလ်တန်တို့ အတူရှိနေခဲ့ကြပြီး ထိုအချိန်မှစ၍ နယ်ဆင်နှင့် လေဒီ ဟာမလ်တန်မှာ တပူးတွဲတွဲ တွေ့ရ၏။ နယ်ဆင်မှာ ထိုစဉ်က အသက် ၄၀ ကျော်နေပြီ။ ရေတပ် အတွေ့ အကြုံလည်း ရင့်ကျက်လှပြီ။ ဆာဝီလျှံ၊ နယ်ဆင်နှင့် လေဒီဟာမလ်တန်တို့မှာ ခွဲခွာမရစကောင်းသည့် သူများ ဖြစ်နေပြီ။

အင်္ဂလန်သို့အပြန် ယာမောက်သ် (Yarmouth) သို့ ရောက်သောအခါ ပရိသတ်က နယ်ဆင်နှင့် လေဒီ ဟာမလ်တန်အား သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ကြ၏။

ထိုအချိန်တွင် ဆာဝီလျှံသည် အသက် ၆၀ ကျော်နေပြီး နယ်ဆင်နှင့် လေဒီဟာမလ်တန် အချစ် ဇာတ်လမ်းကို ဆာဝီလျှံ ကောင်းကောင်းသိပြီး သူ ကိုယ်တိုင်က မသိကျိုးကျွန်ဆောင်၍ ခွင့်ပြုထားသည်ဟု အချို့သမိုင်းဆရာများက ရေးခဲ့ကြသော်လည်း ခိုင်မာ သော အထောက်အထားမရှိခဲ့ပါ။

လေဒီဟာမလ်တန်က လန်ဒန် ပြန်ရောက်သည့် အခါ သူမအား ဗြိတိသျှလူထုက သောင်းသောင်းဖျဖျ ကြိုဆိုကြမည် မျှော်မှန်းထား၏။ သို့သော် ဗြိတိသျှ လူထုက အချစ်ရေး သစ္စာမရှိသူအား ခွင့်မလွှတ်ကြချေ။

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မကြီးက လေဒီဟာမလ်တန်အား လက်ခံတွေ့ဆုံခြင်းမရှိခဲ့ချေ။

မကြာမီ လေဒီဟာမလ်တန်က သမီးလေး (Horatia) ကို မွေးဖွားခဲ့ပြီး သူမနှင့် နယ်ဆင်

သမီးဟု ပြောကြ၏။ မည်သို့မျှ အဲသေအချာ မသိကြရပါ။

နယ်ဆင်က လေဒီဟာမလ်တန်ထံ စာ အတန်တန်ပို့ခဲ့၏။ စာတစ်စောင်တွင် လေဒီဟာမလ်တန်နှင့် သမီးလေးကို ဆစ္စလီပိုင်ဘရွန်တီ (Bronte) သို့ ခေါ်ထားမည်ဟု နယ်ဆင်က ရေးခဲ့၏။ ဘရွန်တီမှာ ဘုရင်ဖာဒီနန်က နယ်ဆင်အား ပေးအပ်ခဲ့သောနယ်မြေ ဖြစ်၏။

နယ်ဆင်က မာတန် (Merton) တွင် အိမ်တစ်ဆောင်ဝယ်ထားပြီး ယင်းအိမ်မှ ဆာဝီလျံနယ်ဆင်နှင့် လေဒီဟာမလ်တန်တို့ အတူနေထိုင်ခဲ့ကြ၏။

၁၈၀၃ ခုနှစ်၌ ဆာဝီလျံ ကွယ်လွန်၍ လေဒီဟာမလ်တန် မုဆိုးမဖြစ်သောအခါ နယ်ဆင်က သူ့တရားဝင်ဇနီးနှင့် ကွာရှင်းပြီး လေဒီဟာမလ်တန်နှင့် အတူနေရန် ကြိုးစားခဲ့သေး၏။ ထိုအချိန်တွင်ပင် ဗြိတိ

www.burmeseclassic.com

www.burmeseclassic.com

ဖာဂါတိုက်ပွဲဖြစ်ပြီး နယ်ဆင်တိုက်ပွဲတွင် ကျဆုံးခဲ့ရခြင်း ဖြစ်လေသည်။

လေဒီဟာမလ်တန်မှာ အသုံးအစွဲကြီးသူဖြစ်၏။ နယ်ဆင် ကွယ်လွန်ပြီး နှစ်ကြိမ်တိုင်တိုင် သူမ အကြွေးပြန်မဆပ်နိုင်၍ ချုပ်နှောင်ခြင်းခံခဲ့ရ၏။ သူမသည် ဝန်ကြီးအသီးသီးသို့ စာရေးပြီး အကူအညီတောင်းခံခဲ့၏။ သို့သော် မည်သူကမျှ သူမအား အရေးတယူစာပြန်ကြားခဲ့ကြခြင်းမရှိချေ။ နယ်ဆင်နှင့် မပတ်သက်လျှင် သူမမှာ သူညသာ ဖြစ်၏။ နောက်ဆုံး အသက် ၅၂ နှစ်အရွယ်တွင် လေဒီဟာမလ်တန်သည် ကာလိုင် (Calais) တွင် ကွယ်လွန်ခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဇစ်ဝတိုရီးယား (ဝိတိုရိယာ) ဘုရင်မကြီး
(Queen Victoria)

သမိုင်းဝင်ပုဂ္ဂိုလ်ကြီးများကို အကဲဖြတ်ရာ၌ လူနှင့်ပတို့ အမြင်များသည် တစ်ချိန်နှင့်တစ်ချိန် မတူညီကြချေ။ မက်စီယာဗဲလီ (Machiavelli) ကို တစ်ချိန်က လှည့်ပြောင်မြောက်သော သံတမန်တစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့ကြ၍ ၂၀ ရာစုတွင်မူ သူသည် ကောက်ကျစ်၍ ကလိန်ဉာဏ်များသူဟု ယူဆလာကြ၏။

မာယာကြွယ်ဝသည့် ကလီယိုပါးထရားကို ခုမှ ကျားသတ္တဝါများ အသုံးတော်ခံ ယောကျ်ားတို့ ညှဉ့်ပတ်ခြင်းခံရသူ သနားစရာ အမျိုးသမီးအဖြစ် ယူဆလာကြပြန်ပါသည်။ ကျော်ဇောသတင်းများကို

www.burmeseclassic.com

www.burmeseclassic.com

အချိန်က တိုက်စားသွားလေ့ရှိ၏။ (Time Levels reputations) အရွယ်ရောက်ပြီး သူတစ်ဦးသည် သူ့အရည်ကို ဟစ်ကြေပြိုမြင့်လာအောင် မည်သို့မျှ မတတ်နိုင်စေကာမူ သူကလည်းတော်၍ အချိန်ကူညီပေးမှုရလျှင် သူသည် သမိုင်းတွင် လူကြီးလူကျယ် ဖြစ်လာနိုင်ပါသည်။

ဝိတိုရိယဘုရင်မကြီး၏ ကျော်ဇောသတင်းသည်လည်း ရာစုနှစ်တစ်ခုနှင့်တစ်ခု မတူညီခဲ့ချေ။ ၁၈၃၇ ခုနှစ်တွင် သူမ ဘုရင်မကြီးဖြစ်လာချိန်၌ ဝိတိုရိယသည် ၁၈ နှစ်သမီးသာရှိလေသေးသည်။ သူမ ဘုရင်မဖြစ်စတွင် ဗြိတိန်လူထုက သူမအား သောင်းသောင်းဖျဖျ ကြိုဆိုခဲ့ကြ၏။ တတိယမြောက် ဂျော့ဘုရင်၊ စတုတ္ထမြောက် ဂျော့ဘုရင်၊ စတုတ္ထမြောက် ဝီလျံဘုရင် (George III, Geope IV, Willam IV) တို့လက်အောက်တွင် နေခဲ့ကြရသော ဗြိတိသျှ လူထုသည် ဘုရင်များကို ငြီးငွေ့နေကြပြီး တပြောင်းတလဲအဖြစ် ဝိတိုရိယ ဘုရင်မချောလေးကို ဝမ်းပမ်းတသာ ကြိုဆိုကြခြင်း ဖြစ်လေသည်။ ဥာဏ်များ၍ လောဘကြီးသော မြို့စားကြီးငယ်များအားမှလည်း လွတ်မြောက်ကြမည်ဟု ဗြိတိသျှလူထုက မျှော်လင့်ထားကြလေသည်။

သို့သော် ဘုရင်မနှင့် သူမကြင်ယာတော် (Prince Consort) က ဗြိတိသျှ နိုင်ငံရေးကို လက်ဝ

www.burmeseclassic.com

www.burmeseclassic.com

ကြီးအုပ်ရန် ကြိုးပမ်းလာကြသောအခါ လွတ်လပ်မှု မြတ်နိုးသော ဗြိတိသျှလူထု (Liberal Elements of England) က ဘုရင်မကိုရော သူမကြင်ရာတော်ကိုပါ ငြီငြင်လာကြလေသည်။ သူမကြင်ရာတော် ကွယ်လွန်ပြီး မုဆိုးမဘုရင်မကြီး ဖြစ်လာသောအခါ သူမ အုပ်ချုပ်မှုအောက်တွင် ဗြိတိန်သည် ဘယ်တုန်းကနှင့်မှ မတူအောင် ကြွယ်ဝချမ်းသာလာကြ၍ ဘုရင်မကြီး ပြန်လည်လူကြိုက်များလာပြန်လေသည်။ ဝိတိုရိယဘုရင်မကြီးအား စံပြဘုရင်မနှင့် စံပြမိခင် (Model Queen and Model Mother) အဖြစ် ဗြိတိသျှ လူထုက အသိအမှတ်ပြုလာကြလေသည်။ သူမ အသက်ကြီးလာသောအခါ သူမ အတ္တုပ္ပတ္တိသည် ပုံပြင်တစ်ခုသဖွယ် ဖြစ်လာခဲ့လေသည်။ (As she grew older, she became a legend) အိန္ဒိယဧကရာဇ်ဘုရင်မကြီး (Empress of India) ဘွဲ့ ခံယူလိုက်သောအခါ သူမပုံပြင်မှာ ဗိုမိုပိပြင် လူကြိုက်များလာလေသည်။ အထူးသဖြင့် ဗြိတိသျှ တပ်မတော်က ဘုရင်မကြီးအား ပုဂ္ဂိုလ်ရေး ကိုးကွယ်လာကြ၍ (She became an idol of the British Army) သူမ ကျန်းမာစေကြောင်း ဆုတောင်း၍ (The Queen, God Bless her) အရက်မော့သောက်လိုက်ပြီး အရက်ဖန်ခွက်ကို အောက်သံမိတလင်းတွင် ပေါက်ခွဲပစ်လိုက်ခြင်းမှာ တပ်ရင်းကြီးတိုင်းတွင် ဖက်ရှင်တစ်ခု (Regimental

www.burmeseclassic.com

www.burmeseclassic.com

Fashion) ဖြစ်လာခဲ့ချေ ပြီ။ အင်္ဂလန်မှာသာမက အိန္ဒိယ၊ ဩစတြေးလျား၊ တောင်အာဖရိက စသော ဗြိတိသျှ ပိုင်နက်များတွင်လည်း အလားတူ ဖြစ်လေသည်။ အချိန် ပိုကြာလာလေ သူမပုံပြင်မှာ ပိုမိုလူကြိုက်များလာလေ ဖြစ်တော့၏။

သူမ အုပ်ချုပ်မှု နှစ် (၆၀)တိုင်လာသောအခါ ၁၉ ရာစုမှ ၂၀ ရာစုဝင်လာ၍ သူမကို ဗြိတိသျှလူထုက စနစ်တစ်ခု (Amur institution)အဖြစ် ယူဆလာကြလေ သည်။ သူမသည် အလွန်အရေးပါ၏။ ဗြိတိသျှလူထု အတော်များများသည် ဘုရင်အား တိုင်တည်အရက် သောက်ခြင်းကို မကြားကြရသည်မှာ ကြာပြီဖြစ်လေ သည်။

သူမ ကွယ်လွန်သောအခါ သံသရာတစ်ပတ် ပြန်လည်လာ၏။ လူထုက သူမအား ငြီးငွေ့လာကြ၏။ အချို့က သူမအား ရှုံကြောက်ကြီး ဖြစ်လာ လေသည်။ ဝိတိုရိယခေတ် (Victorian Age) ဆိုသည်ကိုပါ မကြား ချင်လောက်အောင် ဖြစ်လာကြလေသည်။ ဝိတိုရိယ ခေတ်တွင် ဗြိတိန် တကယ်တိုးတက်ခဲ့သည်မှာ အမှန် ဖြစ်လေသည်။

ဓာတုဗေဒ တိုးတက်ဖြစ်ထွန်းလာ၍ ဆိုးဆေး များ ခေတ်စားလာပြီး အဆင်ဆန်း အထည်များ လူ ကြိုက်များလာလေသည်။ သံမဏိ၊ သံကြိုး၊ ဝိုင်ယာ

www.burmeseclassic.com

www.burmeseclassic.com

လက်၊ မီးရထား၊ မော်တော်ကားအားလုံး ဝိတိုရိယ ခေတ်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သော်လည်း ယင်းတို့ အားလုံးကို ဝိတိုရိယ ဘုရင်မကြီး စိတ်ပါဝင်စားခြင်း မရှိခဲ့ချေ။

ကဗျာဆရာကြီးများဖြစ်သော (Browning, Suimburne, Tennyson)တို့ အားလုံး ထိုခေတ်က ပေါ် ပေါက်ခဲ့ခြင်းဖြစ်ပြီး တင်နီဆင်နှင့် ဝိတိုရိယ ဘုရင်မ ကြီးတို့ စာအပြန်အလှန် ရေးခဲ့ကြလေသည်။ စာပေ အနုပညာ သိပ္ပံအားလုံး ဝိတိုရိယခေတ်တွင် ခေတ်စား လာကြခြင်း ဖြစ်လေသည်။ ထိုခေတ်က အရေးကြီး သော အဖြစ်အပျက်တော်တော်များများ ဖြစ်ပျက်ခဲ့၏။ အရွယ်ရောက်ပြီးသူ ယောကျ်ားအားလုံး မဲပေးပိုင်ခွင့် ရလာကြပြီး ဗြိတိန်နှင့် ရုရှားစစ်ဖြစ်ခဲ့သေး၏။ ၁၈၇၈ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ (Vienna) မြို့တော်၌ အရှေ့ဥရောပနယ်နိမိတ်များ သတ်မှတ်နိုင်ပြီး Settle-ment of Eartern Europe in Vienna ၁၈၇၈ ခုနှစ်တွင် ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီကို အိန္ဒိယက တော်လှန် ပုန်ကန်ခဲ့ခြင်း (Indian Mutiny against the British Eart India Co) အိန္ဒိယတိုက်ငယ်အား ဗြိတိသျှ အင်ပိုင်ယာတွင်း သွတ်သွင်းခဲ့ခြင်း၊ တောင်အာဖရိက စစ်ပွဲ (Sourth African War) အားလုံး ယင်းခေတ်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်မနှင့် သူမ ကြင်ရာတော် အလ်ဘတ် မင်းသား (Prince Albert) တို့က နိုင်ငံရေးရာတွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးစားခဲ့ကြသော်လည်း အင်္ဂလိပ်လစ်ဘရယ် လှုပ်ရှားမှု (English Liberal Movement) မှာ အားကောင်းလှ၍ ယင်းလှုပ်ရှားမှုကသာ အောင်ပွဲဆင်နွှဲနိုင်ခဲ့လေသည်။

ဘုရင်မကြီး မည်မျှကြိုးပမ်းခဲ့စေကာမူ သူမသည် ဗြိတိသျှ နန်းရင်းဝန်များဖြစ်သည့် (Lord Melborne, Peel, Glodstone, Disraeli) တို့အား မည်သည့်နည်းနှင့်မျှ လွှမ်းဆန်နိုင်ခြင်းမရှိချေ။ သူတို့မှာ အလွန်အရည်အချင်းရှိ၍ ဗြိတိန်အပေါ် အထူးသစ္စာရှိကြသူများတည်း။ နောက်ဆုံးတွင် ဗြိတိသျှ နိုင်ငံရေးနယ်ပယ်တစ်ခုလုံးတွင် ကက်ဗီနက်နှင့် ပါလီမာန်ကသာ တန်ခိုးအာဏာအရှိဆုံးဖြစ်လာခဲ့လေသည်။ ဝိတိုရိယဘုရင်မကြီးသည် သမိုင်းဝင် ပုဂ္ဂိုလ်တစ်ဦးထက် သမိုင်းသင်္ကေတတစ်ဦးသာ ဖြစ်ပါသည်။ Queen Victoria is not no much a great historical figure as a great historical symbol) သူမသည် အလွန်ရိုးသား၍ အလွန်သဘောကောင်းသူတစ်ဦးလည်း ဖြစ်ပါသည်။ (A very simple woman, a very good woman)

ဝိတိုရိယကို ၁၈၁၉ ခုနှစ်တွင် မွေးဖွားပြီး သူမ ၁၈ နှစ်သမီးအရွယ် တွင် ဗြိတိသျှဘုရင်မကြီး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာခဲ့လေသည်။ သူမကို လှသည်မခေါ်ဆိုနိုင်သော်လည်း သူမ အမူအရာ၊ နေပုံထိုင်ပုံမှာ အလွန်ဘုရင်မဆန်သည်ဆိုနိုင်၏။ (She held her head in the way that movelist called queenly) သို့သော် သူမငယ်စဉ်က အလွန်ထင်တိုင်းကြဲခဲ့သူဖြစ်၏။ (a very impulsive child) သူမ၏မိခင် (The Duchess of Kent) မှာ အလွန်စည်းကမ်းကြီးသူဖြစ်၍ ဝိတိုရိယအား အလွန်ရိုးရိုးသားသား ပြုပြင်သွန်သင်ခဲ့၍ သိက္ခာရှိသော ဂျာမာန်မိန်းကလေးအဖြစ် ကြီးပြင်းလာရန် မိခင်က ပြုစုပျိုးထောင်ခဲ့ခြင်း ဖြစ်လေသည်။ (brought up with the greatest sinplicity and on the lines of a virtuors German girl) အိမ်မှုကိစ္စ (Householdwaft) လုပ်တတ်ရန်၊ လူကြီးမိဘကို ရိုသေလေးစားရန်၊ အနုပညာကို လေးစားမြတ်နိုးရန်၊ (...in the gentle arts) အပြင် ပြင်သစ်ဘာသာကိုပါ ရေးပြောဖတ်နိုင်အောင် သင်ကြားပေးခဲ့လေသည်။ ဘုရင်မကြီးသည် သီးခြားနေထိုင်ခဲ့ရ၍ (In royal seclusion) လောကရေးရာအကြောင်းကို ဘာမှမသိခဲ့ချေ။

သူမသည် မည်မျှအရေးပါ အရာရောက်ကြောင်း ဗစ်တိုရိုးယား ငယ်စဉ်ကပင် သိရှိခဲ့ပြီး သူမ ၆ နှစ်သမီးအရွယ်တွင် (Lady Jane Ellice) နှင့် ကစားရာတွင် ဗစ်တိုရိုးယားက သူမ ကစားဖော်အား ဤသို့

www.burmeseclassic.com

www.burmeseclassic.com

ပြောကြားခဲ့၏။ (...and I may call you Jame, but you may not call me Victocia) သူမ ငယ်စဉ်က ပညာအကောင်းဆုံး သင်ကြားခဲ့ရ၍ ဝိတိုရိယသည် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ လက်တင်ဘာသာစကားများ ရေးပြောဖတ်နိုင်၏။ နိုင်ငံရေးဘောဂဗေဒ (Political economy)ကိုလည်း စိတ်ပါဝင်စားသူ ဖြစ်ပါသည်။ သူမအား မြှောက်ထိုးပင့်ကော်လုပ်နေသူများနှင့် စကားပြောရသည်ထက် စာများများဖတ်သော ဘယ်ဂျီယမ်ဘုရင် လီယိုပို (King Leopold of Belgium)လို လူမျိုးနှင့် စကားပြော တိုင်ပင်ဆွေးနွေးရခြင်းကို ဗစ်တိုရိယား ပိုမိုနှစ်သက်လေသည်။ သူမသည် ပညာတတ်တစ်ဦးဖြစ်သော်လည်း ဒေါသကြီးသူတစ်ဦးဖြစ်၍ သူမ ဝန်ကြီးများနှင့်လည်းကောင်း၊ လူထုနှင့်လည်းကောင်း မကြာခဏ စကားများ ရန်ဖြစ်ရ၏။ သူမဆန္ဒကို ထုတ်ဖော်ပြသရန် (to assert himself) မှာ ဝိတိုရိယ အေလိုလားဆုံးဖြစ်ပြီး သူမဘဝတစ်လျှောက်လုံးတွင် ယင်းဆန္ဒကို ကျွန်ုပ်တို့ အမြဲတွေ့နေရပါသည်။

သူမသည် အလွန်လည်း ခေါင်းမာ၏။ အထူးသဖြင့် နိုင်ငံရေးကိစ္စများတွင် တစ်စုံတစ်ခု တိုင်းပြည်အတွက် လိုအပ်နေပြီဟု သူမယူဆလျှင် ယင်းကို မဖြစ်ဖြစ်အောင် လုပ်တတ်လေသည်။ ယင်းမှာ သူမ၏

www.burmeseclassic.com

www.burmeseclassic.com

လုမှုရေး၊ ဘာသာရေး တာဝန်တစ်ရပ် ဖြစ်သည်။ (... her moral and religious duty) ဟု ဗိတိုရိယ ယူဆခဲ့၏။ ဂျာမန်သွေးပါသူတစ်ဦးဖြစ်၍ အမြဲတမ်း ဂျာမနီနှင့် ဂျာမန်လူမျိုးကို ဘက်လိုက်၍ ပြင်သစ်ကို ဆန့်ကျင်ခဲ့သူဖြစ်၏။

သူမ ခေါင်းမာပုံကို သာဓကပြပါမည်။ ဝစ်ပါတီဝန်ကြီးချုပ် မယ်လ်ဘုန်း (Whiq Prine Minister Melborne)ပြုတ်ကျ၍ တိုရီဝန်ကြီးချုပ် ဆာရောဘတ်ပီလ် (Tory Prime Minister Sir Robert Peel) တက်လာသော အခါ နန်းတွင်းအရာရှိများ (Court officials)သည်လည်း ဝစ်များကို ဖြုတ်ချ၍ တိုရီများ တက်လာရန်မှာ ဗြိတိသျှ နိုင်ငံရေး အစဉ်အလာတစ်ရပ် ဖြစ်၏။

ရေးသားထားခြင်းမရှိသည့် ဗြိတိသျှ ဖွဲ့စည်းပုံ အစဉ်အလာအရ (according to the unwritten Constitution the British tradition lays down that...) ဘုရင်၊ ဘုရင်မသည် ဝန်ကြီးများ အကြံဉာဏ်ကို ယူရမည်ဖြစ်သော်လည်း ခေါင်းမာသည့် ဘုရင်၊ ဘုရင်မက ဝန်ကြီးများ ကက်ဗိနက် အကြံဉာဏ်ကို လိုက်နာခြင်း မရှိသော် ဘာဆက်လုပ်ရမည်ဟု ဖွဲ့စည်းပုံက ပြဋ္ဌာန်း ထားခြင်း မရှိချေ။ ဖြစ်နိုင်ဖွယ်အရှိဆုံးမှာ ဝန်ကြီးအဖွဲ့ နုတ်ထွက်၍ နောက်ထပ်ရွေး ကောက်ပွဲအသစ် ကျင်းပ ရန်သာရှိ၏။ နောက်ရွေးကောက်ပွဲတွင်လည်း ပြုတ်ကျ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သော အစိုးရပါတီဝင် ပြန်တက်လာပါက ဖွဲ့စည်းပုံ ရေးရာ အကြပ်အတည်းပင် ဖြစ်လေသည်။ ဘုရင်က ဆက်လက်ခေါင်းမာနေခဲ့သော် တော်လှန်ရေးတစ်ရပ် (a Revolution) ပေါ်ပေါက်လာရန်သာ ရှိလေသည်။

ယင်းအခြေအနေမျိုး ဗိတိုရိယဘုရင်မကြီး လက်ထက်တွင် လုံးဝမပေါ်ပေါက်ခဲ့ချေ။ သူမအရင် စတုတ္ထမြောက် ဝီလျံဘုရင် (William IV)လက်ထက်က အထက်လွှတ်တော်တွင် ပြုပြင်ရေးဥပဒေကြမ်း (Roferm Bill of 1832) တင်သွင်း အတည်ပြုနိုင်ရေးအတွက် အမတ်ဦးရေ မပြည့်ဖြစ်နေရာ ဝီလျံဘုရင်အနေနှင့် အထက်လွှတ်တော်အမတ်များ ထပ်မံခန့်ထားရမည် ဖြစ်၏။ ယင်းသို့ ဟက်ဗိနက်က အကြံပေးခဲ့သည်ကို ဝီလျံက လိုက်နာခဲ့ခြင်း မရှိချေ။ ရွေးကောက်ပွဲကျင်းပ၍ ဖြုတ်ကျသော (Earl Grey) ပင် ဝန်ကြီးချုပ်သစ် အဖြစ် ပြန်တက်လာရာ ဝီလျံဘုရင်က ကက်ဗိနက်အကြံဉာဏ် ကို လက်ခံခဲ့ရလေသည်။ ယင်းသာဓကမှ ထွက်ပေါ်လာ သော ဗြိတိသျှ ဖွဲ့စည်းပုံဥပဒေမှာ ဤသို့ဖြစ်၏။

ဗြိတိသျှဘုရင်တစ်ဦးကို အတင်းအကြပ် မပြုလုပ်နိုင်သော်လည်း ဘုရင်ကို ဩဇာလွှမ်းမိုးအောင် လုပ်နိုင်၏။ (While the Surereig cannot be coerced. the surereig can be influerced)

လောဒ်မယ်ဘုန်း ဖြုတ်ကျ၍ ဆာရောဘတ်

www.burmeseclassic.com

www.burmeseclassic.com

ပီလ် ဝန်ကြီးချုပ်ဖြစ်လာသောအခါ နန်းတွင်းအတွင်းဆောင် (Bed Chanber) အပျိုတော်များကို ဆာရောဘတ်ပီလ်ပါတီမှ အပျိုတော်များကို ခန့်ထားရမည် ဖြစ်လေသည်။ ဘုရင်မကြီးက လူသစ်ခန့်ရမည်ကို ကန့်ကွက်ခဲ့၏။ သူမသည် အပျိုတော် ဟောင်းများကို သံယောဇဉ်တွယ်နေပြီဖြစ်လေသည်။ ဝိတိုရိယဘုရင်မကြီးက ဆာရောဘတ်ပီလ်၏ အကြံဉာဏ်ကို ပယ်ချခဲ့ခြင်း ဖြစ်၏။

သူမက လော်ဒ်မယ်ဘုန်းနှင့် ဝယ်လီတန်မြို့စားကြီး (Duke of Wellington) အကြံဉာဏ်ကို တောင်းခံခဲ့ရာ သူတို့နှစ်ဦးစလုံးက ဝန်ကြီးချုပ် အသစ်အကြံဉာဏ်ကိုလက်ခံရန် ဘုရင်မကြီးအား အကြံပေးကြ၏။ ဘုရင်မကြီးက ခေါင်းမာနေ၍ ဖွဲ့စည်းပုံအခြေခံအတည်း (Constitutional Crisis) ပေါ်ပေါက်ခဲ့ရ၏။

ပီလ်သည် ဝန်ကြီးအဖွဲ့သစ် မဖွဲ့စည်းနိုင်ဘဲ လော်ဒ်မယ်ဘုန်း ဝန်ကြီးချုပ်အသစ် ဖြစ်လာခဲ့၏။ ယင်းသာဓကက ဝိတိုရိယ၏ ဉပမိရုပ်ကို ပိုမို ပေါ်လွင်စေပါသည်။ သူမသည် အချစ်ကြီးချစ်တတ်သလို အမုန်းကြီး မုန်းတီးနိုင်သူလည်းဖြစ်ကာ သူမဆန္ဒကို ထုတ်ဖော်ပြသရန် ဝန်မလေးသူဖြစ်ကြောင်း ပေါ်လွင်လှပါသည်။ တစ်နှစ်၊ နှစ်နှစ်ကျော်လွန်လာသောအခါ သူမ အိမ်ထောင်ပြုရန် အရေးကြီးကြောင်း ပေါ်လွင်

www.burmeseclassic.com

www.burmeseclassic.com

လာလေသည်။ သူမ အိမ်ထောင်မပြုဘဲ နန်းဆက်ပြတ်သွားပါက ဗြိတိသျှထီးနန်းသည် မြို့စားကြီးများလက်သို့ပြန်လည်ရောက်သွားဖွယ်ရှိခဲ့လေသည်။

နောက်အိမ်ထောင်ပြုရေးနှင့် ပတ်သက်၍ သူမလောဒ်မယ်ဘုန်းအား ဤကဲ့သို့ ပြောကြားခဲ့ပါသည်။ သူမသည် ဘယ်တုန်းကမှ အိမ်ထောင်ပြုရန် မရည်ရွယ်ခဲ့ကြောင်း။ သို့သော် သူမတွင် အလ်ဘာလ်အမြဲရှိနေကြောင်း ဘုရင်မကြီးက ပြောခဲ့၏။

အယ်ဘာတ်ကို သူမ ကိုဘတ် (Coburg) မြို့တွင် စတင်တွေ့ရှိခဲ့ခြင်း ဖြစ်၏။ အလ်ဘာတ်ရော သူ့ညီအာနက် (Ernent) ပါ စိတ်ဝင်စားဖွယ်ကောင်း၍ သူမသည် သူတို့ညီအစ်ကိုနှင့် ဂစားဖော်များဖြစ်လာခဲ့၏။ သူမသည် အထူးသဖြင့် အလ်ဘာတ်ကို စွဲလမ်းနေပြီဖြစ်လေသည်။ သူမ လက်မထပ်မီ သုံးနှစ်က သူမအလ်ဘာတ်ကို ချစ်ခင်စွဲလမ်းမိပြီဖြစ်ကြောင်း သူမနေ့စဉ်မှတ်တမ်းတွင် ဝိတိုရိယရေးသွင်းခဲ့၏။

ဝိတိုရိယတွင် သူမ စွဲလမ်းချစ်ခင်သူများ (favourites) ရှိခဲ့ပါသည်။ ဝိတိုရိယသည် လက်ထပ်မီပါက လင်ယောကျ်ားကို ရိုသေကြောက်ရွံ့နေရမည်ကို စိုးရွံ့ဟန်တူ၏။

ဖရောလိန်းလေဇင် (Franleis Lehzen) မှာဝိတိုရိယ၏ အထိန်းတော် (Geverness) ဖြစ်၍ ဘုရင်မ

www.burmeseclassic.com

www.burmeseclassic.com

ကြီး၏ မယ်တော်နှင့် ဗိတ်ိုရိယမြသသနာဖြစ်တိုင်း လေဇင်က ဗိတ်ိုရိယအား ကာကွယ်ပေးခဲ့လေသည်။ လေဇင်က ဂျာမန်လူမျိုး ဖြစ်ပြီး ဗိတ်ိုရိယ ဂျာမန်မဟုတ်သူ၏ ဩဇာလွှမ်းမိုးခြင်းခံရမည်ကို လေဇင်က စိုးရိမ်ခဲ့လေသည်။ ဗိတ်ိုရိယက အလ်ဘတ်ကို စိတ်ဝင်စားနေကြောင်း လေဇင်က သိ၏။ အလ်ဘတ်မှာ သင့်မြတ်သော ဂျာမန်မင်းသားဖြစ်ပါသည်။

အခြားတစ်ဖက်တွင် စတော့မာ (Stochmar) ရှိ၏။ သူသည် အလ် ဘတ်မင်းသား၏ဆရာ (tutor) ဖြစ်လေသည်။ စတော့မာကလည်း ဗိတ်ိုရိယ အလ်ဘတ်မင်းသားနှင့် လက်ထပ်မည်ကို သဘောတူနေ၏။ စတော့မာက အလ်ဘတ်အား ဘုရင်ကောင်းတစ်ဦး ဖြစ်လာစေရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့လေသည်။ သူမသည် မဖြစ်မနေ လက်ထပ်ရမည်ဆိုပါက ထိုသူသည် အလ်ဘတ်ဖြစ်ရမည်ဟု ဗိတိုရိယက ဆုံးဖြတ်ထားလေသည်။

ဗိတိုရိယက အလ်ဘတ်ညီအစ်ကိုအား ဝင်ဆာရဲတိုက် (Wirdson) တွင် တွေ့ဆုံခဲ့၏။ ငါးရက်အတွင်း သူမ အလ်ဘတ်ကို ချစ်ကြိုက်နေပြီဖြစ်ကြောင်း ဗိတိုရိယသိခဲ့ရ၏။ သူတို့ ညီအစ်ကိုနှင့်တွေ့ဆုံပြီး ဗိတိုရိယက ဘယ်ရီယမ်ဘုရင်ထံ ဤသို့စာရေးခဲ့ပါသည်။

သူတို့ ညီအစ်ကို ကြာသပတေးနေ့မနက် အစ်

www.burmeseclassic.com

www.burmeseclassic.com

နာရီခွဲမှာ ရောက်လာကြပါတယ်။ နှစ်ဦးစလုံး နေထိုင်ကောင်းကြပါတယ်။ အာနက်က ချောပါတယ်။ အလ်ဘတ်ကတော့ ချောမှချောပဲ။ တကယ်စွဲမက်ဖွယ်ကောင်းပါတယ်။ (Albert's Beauty is most striking... in short very fasciating)

အလ်ဘတ်မင်းသားသည် ဗိတိုရိယကို ချစ်ခင်စွဲလမ်းသည်ဟု မသိကြရပါ။ သို့သော် သူသည် သူမနှင့် လက်ထပ်ရမည်ကိုတော့ သိနေ၏။ သူသည် ဗိတိုရိယကို လေးစားပါသည်။ အလ်ဘတ်သည် ဗိတိုရိယကို သာမဟုတ် ဘယ်မိန်းမကိုမှ ၁၅၀၀ ကိုလေသာအချစ်နှင့် မချစ်ခဲ့ဟု ယူဆရပါသည်။

ဗိတိုရိယနှင့် အလ်ဘတ်စေ့စပ်ကြောင်းလမ်းပြီး သူမသည် မင်းသား အလ်ဘတ်ထံ နေ့စဉ်စာရေးသားပေးပို့ခဲ့၏။ ဗိတိုရိယက အလ်ဘတ်အပေါ် အချစ်ကြီးချစ်ခဲ့၍ အလ်ဘတ်က မည်သည့်မိန်းမကိုမျှ ချစ်ခင်နှစ်သက်ခြင်းမရှိသောကြောင့်ပင်လျှင် ဗိတိုရိယသည် စံပြဘုရင်မကြီး စံပြဇနီးသည်ဖြစ်လာပြီး သူတို့ စနိုးမောင်နှံသည် ဗြိတိန်၏ တွဲဖက်အညီဆုံး လူထုလေးစားအခံရဆုံး ဘုရင်နှင့် မိဖုရားဖြစ်ခဲ့ကြပါသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

အလ်ဘတ်သည် အင်္ဂလိပ်ဘာသာစကား ကောင်းစွာမပြောတတ်ဘဲ အစပိုင်းတွင် သူ့ အိမ်ထောင်သည်ဘဝကို မပျော်မိုက်ဟု ယူဆရ၏။ သူ့ အထိန်းတော် စတော့မာက မြို့စားကြီး (Beron) ဖြစ်လာ၍ သူသည် သူ့အတွက် ဘာမှအလိုမရှိဘဲ သူ့တပည့် အလ်ဘတ် တကယ့်ဘုရင်ကောင်းတစ်ဆူ ဖြစ်လာရေးကိုသာ အာရုံစိုက်ခဲ့သူဖြစ်၏။ အလ်ဘတ် ဗိတိုရိယ၏ ခင်ပွန်းကောင်းဖြစ်လာအောင် စတော့မာက အလ်ဘတ်အား သွန်သင်ခဲ့လေသည်။ စတော့မာ သူ့လုပ်ငန်းတွင် အောင်မြင်သည်ဆိုရမည်။ အလ်ဘတ်နှင့် လက်ထပ်ပြီး နှစ်နှစ်အတွင်း ဗိတိုရိယသည် အယ်ဘတ် ဩဇာလွှမ်းမိုးခြင်းခံလာရ၍ ငါးနှစ်အတွင်း အလ်ဘတ်သည် တကယ့်ဘုရင်တစ်ဆူသဖွယ် ပြုမူနေထိုင်နိုင်ခဲ့လေသည်။

ဝင်ဆာရဲတိုက်တွင် သူတို့၏နံမောင်နှံ နံနက်စာမစားမီ အတူလမ်း လျှောက်ကြ၍ လမ်းလျှောက်ရင်း အယ်ဘတ်က သစ်ပင်ပန်းမန်အကြောင်း ပုံများများ သဘာဝအသည့်ကို ဗိတိုရိယဘုရင်မအား ပြောပြ၏။ တစ်ခါတစ်ရံ သူမ စာတိုးပန်းထိုးလုပ်နေစဉ် အလ်ဘတ်က ဟာလန်စ်ရေးသားသည့် အင်္ဂလန် ဖွဲ့စည်းပုံသမိုင်း (Hallan's Constitutional History of England) ကို ဖတ်ပြ၏။

ဗိတိုရိယက သူမ အိမ်ထောင်သည်ဘဝတွင်

www.burmeseclassic.com

www.burmeseclassic.com

မည်မျှပျော်ရွှင် စိတ်ချမ်းသာကြောင်း သူမနေ့စဉ်မှတ်တမ်းတွင် ရေးသွင်းခဲ့ပါသည်။ ယင်းသို့ မည်မျှစိတ်ချမ်းသာပျော်ရွှင်ကြောင်း သူမအိမ်ထောင်ရေး ကံကောင်းကြောင်းကို ဗိတိုရိယက ဘယ်ဂျီယမ်ဘုရင် လီယိုပိုထံ စာရေးခဲ့၏။ အလ်ဘတ်သည် ထီးနန်းအုပ်ချုပ်ရေးရာကိစ္စများတွင်ပါ အရေးပါနေပြီ ဖြစ်လေသည်။

အယ်ဘတ်ကို ဗြိတိန်လူထုက ကြိုက်နှစ်သက်ကြသည်ဟု မဆိုနိုင်သော်လည်း သူသည် လူကြိုက်မများဟုလည်း မဆိုသာချေ။

ဗိတိုရိယ၏ အချစ်ခေတ်လမ်းမှာ မကြာရှည်ခဲ့ချေ။ သူမ ကြင်ရာတော် အလ်ဘတ်မင်းသားသည် အသက် ၄၂ နှစ်အရွယ်၊ ၁၈၆၁ ခုနှစ်တွင် ကွယ်လွန်ခဲ့လေသည်။ အလ်ဘတ်ကွယ်လွန်ပြီး ဗိတိုရိယသည် နှစ်အတော်ကြာ မည်သူနှင့်မှ အတွေ့မခံဘဲ (in seclusion) အခန်းအောင်းနေခဲ့၏။ သူမ ကွယ်လွန်သည် အထိ ဝိုကျေးပူဆွေးသည့်အခါ ဝတ်သည့် ဝတ်ရုံကြီး (Mourning Dress) နှင့်သာ နေထိုင်သွားပါကြောင်း တင်ပြလိုက်ရပါသည်။

၁၃၆၂ ခုနှစ်၊ နယုန်လဆန်း (၇)ရက်။

၂၀၀၀ ပြည့်နှစ်၊ ဇွန် (၈)ရက်။

www.burmeseclassic.com